
mgyoe.com

# ရွှေဥဒေါင်း

## ထူးဆန်းထွေလာ ဝတ္ထုတိုများ

ပေါင်းချုပ်များတွင်မပါဝင်သေးသော
နောက်တွေ့ဝတ္ထုတို ၇ ပုဒ်အပြင်
စိတ်ကူးချိုချိုထုတ်
ဝတ္ထုတိုပေါင်းချုပ်များတွင်
ယခင်ချန်လှပ်ခဲ့ရသော
၂ ပုဒ်ကိုပါ ပြန်လည်ထည့်သွင်း
ဖော်ပြထားပါသည်။



mgyoe.com

mgyoe.com


၁။ ပရိဒေ၀

၂။ အငိုလွယ် အရှိက်ခက်

၃။ ဆန်းတွေထူး ဝတ္ထုများ

၄။ ထူးဆန်းတွေလာ


၅။ လက်မတင်ကလေး လွဲချွင်း

၆။ စုံထောက် ဟောင်စံရှားဝတ္ထု

၇။ ဒွေးသာကိုင်၏ စာကြောက်ရုပ်

၈။ ရိုးလျှင်မိုက် ဆန်းလျှင်ခိုက်

၉။ စိုးတော်ကျား


ISBN 9789997118776

SOD77

9 789997 118776

3,200.00KS


mgyoe.com

mgyoe.com

ပေါင်းချုပ်များတွင် မပါဝင်သေးသော နောက်တွေ့ ဝတ္ထုတို ၇ ပုဒ်အပြင်
စိတ်ကူးချိုချိုထုတ် ဝတ္ထုတိုပေါင်းချုပ်များတွင် ယခင်ချန်လှပ်ခဲ့ရသော ၂ ပုဒ်ကိုပါ
ပြန်လည်ထည့်သွင်းဖော်ပြထားပါသည်။
လက်ကျန်ဝတ္ထုများအတွက် ကူညီရှာဖွေ စုဆောင်းပေးပါသော
ကိုအောင်မြင့်ဦး(လူထုစာကြည့်တိုက်)အား
အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုပါသည်။

စုံလင်နိုင်သမျှ စုံလင်စေရေး လက်လှမ်းမီသမျှ
အကြိမ်ကြိမ် စုဆောင်းရှာဖွေ ထုတ်ဝေကြရသဖြင့်
အုပ်စုကွဲလွဲ ထွေပြားကာ အလိုလိုဖြစ်ရခြင်းများအတွက်
စာဖတ်ပရိသတ်များအားလည်း နှုတ်ဆွတ်စွာ တောင်းပန်အပ်ပါသည်။
စိတ်ရှည်လက်ရှည် စောင့်စားအားပေးမှုများအတွက်လည်း
များစွာ ကျေးဇူးတင်ရှိရပါသည်။

စိတ်ကူးချိုချိုစာအုပ်တိုက်

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ထူးဆန်းထွေလာဝတ္ထုတိုများ

(ဝတ္ထုတိုပေါင်းချုပ်များတွင်
မပါဝင်သေးသော နောက်တွေ့ဝတ္ထုတိုများ)

## ရွှေဥဒေါင်း

ပထမအကြိမ် ၂၀၁၄

mgyoe.com

mgyoe.com

ထူးဆန်းထွေလာဝတ္ထုတိုများ၊ ရွှေဥဒေါင်း
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၂၂၀ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀

ရောင်းဈေး ၃၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ

- ရွှေဥဒေါင်း၏ ကိုယ်ရေးအကျဉ်း (က)
၁။ ပရိဒေဝ ၁
၂။ အငိုလွယ် အရှိုက်ခက် ၂၃
၃။ ဆန်းထွေထူး ဝတ္ထုများ ၄၀
၄။ ထူးဆန်းထွေလာ ၆၅
၅။ လက်မတင်ကလေး လွဲရခြင်း ၁၁၂
၆။ စုံထောက် မောင်စံရှားဝတ္ထု ၁၄၁
၇။ ဒွေးသာဂိ၏ စာခြောက်ရုပ် ၁၆၂
၈။ ရိုးလျှင်မိုက် ဆန်းလျှင်ခိုက် ၁၈၆
၉။ စီးတော်ကျား ၂၀၆

❑

mgyoe.com

mgyoe.com



## ရွှေဥဒေါင်း

(၁၈၈၉-၁၉၇၃)

မန္တလေးဇာတိ။ ၁၈၈၉ အောက်တိုဘာ ၂၄ ဖွား။ အဖ သီပေါမင်းလက်ထက် လွှတ်တော်စာရေး ဦးဇရာ၊ အမိ သီပေါမင်း စာတော်ဖတ် ဒေါ်ရွှေ။ မွေးချင်း သုံးယောက်တွင် အကြီးဆုံး။ အမည်ရင်း ဦးဖေသိန်း။

ငယ်စဉ်ကပင် သီလရှင်ကျောင်း၌ ပညာသင်သည်။ ထို့နောက် မန္တလေးမြို့ အိမ်တော်ရာဘုရားတောင်ဘက်ရှိ ဒက္ခိဏဝံတိုက် မြိတ်ဘုန်းကြီးကျောင်း၌ ဆက်လက် ပညာသင်ရာ ၁၉၀၀ တွင် အစိုးရစစ် စတုတ္ထတန်းစာမေးပွဲအောင်သည်။ ငါးတန်းသို့ ရောက်သောအခါ မြိတ်ဘုန်းကြီးကျောင်းကို ဗုဒ္ဓသာသနာ့နုဂ္ဂဟကျောင်းဟူ၍ အမည် ပြောင်း၏။ ငါးတန်းအောင်သောအခါ အေဘီအမ်ခေါ် အမေရိကန် သာသနာပြု ကျောင်းသို့ ပြောင်းရွှေ့ပညာသင်ယူရာ ၁၉၀၈ တွင် ကာလကတ္တား တက္ကသိုလ်ဝင် စာမေးပွဲအောင်သည်။

စာမေးပွဲအောင်ပြီးနောက် ဗုဒ္ဓဘာသာကျောင်း၊ အေဘီအမ်ကျောင်းတို့၌ ကျောင်း ဆရာ လုပ်ခဲ့ပြီး ရွှေဘိုမြို့ အရေးပိုင်ရုံး၌ အကူစာရေး၊ ရွှေဘိုမြို့သစ်တောရုံး၌ စာရေး အဖြစ်လုပ်သည်။ ၁၉၁၀ မှ ၁၉၁၄ နှစ်ကုန်အထိ မန္တလေး စိုက်ပျိုးရေးနှင့် သမဝါယမ ရုံး၌ စာရေးလုပ်ရင်း မင်းကြီး နယ်လှည့်ရာသို့ လိုက်ပါရ၏။ ၁၉၁၅ ခုနှစ်တွင် အလုပ် ပြုတ်သည်။

mgyoe.com

mgyoe.com



၁၉၁၇ ဖေဖော်ဝါရီ ၁ မှ ၁၉၂၀ ဩဂုတ်ထိ သူရိယတိုက်၌ မဂ္ဂဇင်းအယ်ဒီတာအဖြစ် အမှုထမ်းသည်။ ၁၉၂၀ တွင် သူရိယတိုက်၌ အလုပ်လုပ်နေရင်းပင် **မြန်မာ့ဗျူဟာ** ဂျာနယ်ကိုလည်း ထုတ်ခဲ့၏။

၁၉၂၂ ဖေဖော်ဝါရီတွင် ကန္ဒီရွာ၌ ကျောင်းထောင်၍ ကျောင်းဆရာလုပ်ခဲ့သည်မှာ ၁၉၂၅ ဩဂုတ်အထိဖြစ်၏။ ၁၉၂၆ တွင် **နယူးဘားမားသတင်းစာ**တိုက်၌ စက္ကရီတေရီအဖြစ် ခေတ္တလုပ်၏။ ၁၉၃၀–၃၃ တွင် ပဲခူးမြို့ရှိ ခရစ်ယာန် စာပေအဖွဲ့၌ ဘာသာပြန်ဆရာအဖြစ် လုပ်ခဲ့၏။ ၁၉၃၆ ဇူလိုင်မှ ၁၉၄၁ ဒီဇင်ဘာအထိ သူရိယတိုက်တွင် အယ်ဒီတာအဖြစ် ပြန်လုပ်သည်။

၁၉၄၆ မှစ၍ လူထုတိုက်တွင် အလုပ်လုပ်၏။ နောက်ပိုင်းတွင် အယ်ဒီတာချုပ်ဖြစ်လာ၏။ ၁၉၅၂ နှစ်အကုန်တွင် လူထုတိုက်မှ အလုပ်ထွက်ပြန်၏။ သို့သော်လည်း နောက်တစ်ကြိမ် လူထုသတင်းစာတိုက် အယ်ဒီတာချုပ်တာဝန်ယူခဲ့၏။

၁၉၆၃ အောက်တိုဘာတွင် **လုပ်သားပြည်သူ့နေ့စဉ်** သတင်းစာတွင် အယ်ဒီတာချုပ်အဖြစ် အမှုထမ်းသည်။

၁၉၁၅ အလုပ်ပြုတ်၍ မိဘများနှင့်အတူ ဝက်လက်မြို့၌ နေထိုင်စဉ် ဝတ္ထုရေးလိုစိတ် ပေါ်လာသောကြောင့် **ရန်ကြီးအောင်** (၁၉၁၆) ဝတ္ထုကို စရေးသည်။ ထို့နောက် **ရတနာပုံ** (၁၉၁၆–၁၇)၊ **ရူပနန္ဒီ** (၁၉၁၇)၊ **ရတနာပုရ** (၁၉၁၈)၊ **သိန်းထိုက်**(၁၉၃၉)၊ **ရူပကလျာဏီ** (၁၉၃၉)၊ **ပထမ ဆရာသိန်း** (၁၉၃၉–၄၀) ဝတ္ထုများကို ရေးခဲ့၏။ **ရှောလမုန်သိုက် ရတနာသိုက်** (၁၉၄၇)၊ **သူရဲကောင်း သုံးယောက်** (၁၉၄၈–၄၉)၊ **မျှော်တလင့်လင့်** (၁၉၅၀)၊ **သွေးစုပ်မြေ** (၁၉၅၅) တို့ကို ဘာသာပြန်ခဲ့သည်။ **မျှော်တလင့်လင့်**ဖြင့် (၁၉၅၀) စာပေဗိမာန် ဘာသာပြန်ဆု၊ **သွေးစုပ်မြေ**ဖြင့် (၁၉၅၅) စာပေဗိမာန် ဘာသာပြန်ဆုတို့ကို ရ၏။ **ကိုယ်တွေ့ တရုတ်ပြည်သစ်** (၁၉၅၃) ခရီးသွားမှတ်တမ်း၊ **ရွှေဥဒေါင်း** (၁၉၅၃) အမည်ရှိ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိနှင့် **တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ** (၁၉၆၁) တို့ကို ရေးခဲ့သည်။ ထိုစာအုပ်သည် ၁၉၆၁ စာပေဗိမာန် စာပဒေသာဆုရခဲ့သည်။ **ဒိဋ္ဌေဒိဋ္ဌမတ္တံ လက်တွေ့ကျင့်စဉ်** (၁၉၆၀) ကဲ့သို့သော ဘာသာရေးဆိုင်ရာ ကျမ်းများကိုလည်း ပြုစုခဲ့၏။

၁၉၇၃၊ ဩဂုတ် ၁၀ တွင် မန္တလေး၌ ကွယ်လွန်သည်။

❑

mgyoe.com

mgyoe.com

# ပရိဒေဝ

တစ်ခုသော ရှင်ပြုမင်္ဂလာ အခမ်းအနားတွင် သမုတိသံဃာတော် အရှင်မြတ်တို့သည် မိမိတို့အား ဆွမ်းကွမ်းတို့ဖြင့် လှူဒါန်းပူဇော်ရခြင်း၏ အကျိုးအာနိသင်တို့ကိုလည်းကောင်း၊ မိမိ၏သား သူတစ်ပါးတို့၏သားတို့အား မြတ်စွာဘုရား၏ သာသနာတော်အတွင်းသို့ သွတ်သွင်းချီးမြှောက်ရခြင်း၏ အကျိုးအာနိသင်တို့ကိုလည်းကောင်း၊ အကျယ်တဝင့် ဟောပြောသွန်သင်ကြပြီးလျှင် လှူဖွယ်ဝတ္ထုပစ္စည်းတို့ဖြင့် အသီးအသီး ယူကြွတော်မူကြပြီးသည်နောက် ကျန်ရှိရစ်သော ယောကျ်ားပရိသတ်၊ မိန်းမပရိသတ်တို့အနက် အချို့တို့မှာ အလှူနှင့်ပတ်သက်၍ မိမိတို့ဆောင်ရွက်ရာကိစ္စများကို ပြုလုပ်ဆောင်ရွက်ကြလျက် အချို့သော ယောကျ်ား၊ မိန်းမ၊ ကျောင်းဒကာ၊ ကျောင်းအစ်မ စသည်တို့မှ ရတနာသုံးပါးနှင့်စပ်လျဉ်းသော စကားများကို ဆွေးနွေးတိုင်ပင်လျက် ရှိနေကြလေ၏။

ယင်းကဲ့သို့ နှီးနှောပြောဆိုလျက် ရှိကြသည်အတွင်း အသက် ၅၀ ကျော် အရွယ်ခန့်မျှရှိသော ဘုရားဒကာကြီး တစ်ဦးက 'နေရေးထက် သေရေးခက်' ဟူသော စကားအရ၊ လောက၌ ထိုက်သည်အားလျော်စွာ လူမှု၊ လူရေးကျွမ်းကျင်နားလည်ခြင်းသည် များစွာခဲယဉ်းလှသည် မဟုတ်။

mgyoe.com

mgyoe.com


မိမိတို့ ဇီဝိတိန္ဒြေကြွေသော အခါ၌ အပါယ် လေးပါး၏ အစာမဖြစ်စေဘဲ အနည်းဆုံး နတ်ရွာသုဂတိသို့လားနိုင်စေခြင်းငှာ ကျင့်ကြံဆောင်ရွက်မှုသည် သာလျှင် ထူးကဲ၍ အရေးကြီးလှသည့် အကြောင်းကို စကားစပ်ဖြင့်ဟော ပြောလျက်ရှိရာမှ တစ်ဖန်၊ သေခြင်းအမျိုးမျိုးတို့၏အကြောင်းကို စကားစပ်မိ၊ စပ်ရာ ပြောဆိုလျက်ရှိကြပြန်ရာ တစ်ဦးသော ဘုရားဒကာကြီးက သေခြင်း အမျိုးမျိုးတို့အနက် မိမိလက်နက်ဖြင့် ရုတ်တရက်သေဆုံးရခြင်းသည်၊ အဆိုး ဆုံး၊ အယုတ်ဆုံးသော သေခြင်းမျိုးဖြစ်၍ နောင်သံသရာလားရာ ဂတိမှာလည်း အပါယ်လေးပါး၏ အံစာမျှသာဖြစ်၍ 'အဖန် ၅၀၀-၅ ကမ္ဘာ'မျှ တိုင်အောင် ထိုနည်းအတူ သေရတတ်ခြင်း၏ အကြောင်းများကို ဟောပြောပြန်လေ၏။

ထိုအခါ ၎င်းအချိန်ထိ စကားတစ်ခွန်းမျှမပြောဘဲလျက် မဏ္ဍပ်တိုင် ကိုမှီကာ ဆေးလိပ်သောက်လျက် အသက် ၇၀ ကျော်အရွယ်ခန့်မျှရှိ၍ နှုတ်ခမ်းမွေး၊ ဆံပင် စသည်တို့မှာ ဖွေးဖွေးဖြူလျက်ရှိသော အဘိုးကြီးတစ် ယောက်က သေလွန်သူ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှာ မည်သည့်နည်း၊ မည်သည့်လက်နက်ဖြင့် အသက်ဆုံးရှုံးခဲ့သည်ဖြစ်စေ၊ ထိုသူ၏ လားရာဂတိ သည်ကား။ အပါယ်သို့ကျမည်၊ နတ်ရွာသုဂတိသို့ လားမည်၊ အောက်သို့ စုန်မည်၊ အထက်သို့ ဆန်မည်ကို မဆုံးဖြတ်နိုင်ကြောင်း သေခါနီးဆဲဆဲ၌ မည်ကဲ့သို့ နှလုံးသွင်းတရားဖြင့် ဇီဝိတိန္ဒြေကြွေရသည် မည်သည့်အပြုအမူ ၌ အာရုံပြုသည်ကို မသိနိုင်။ သေ ပည်ဆိုသည်မှာ ဥပမာအားဖြင့် ဓား လက်နက်ဖြင့် မိမိကိုယ်ကို မိမိထိုး၍ သဟ်ငိုက်ရာ ထိုးသည်နှင့် တစ်ပြိုင် နက် ဇီဝိတိန္ဒြေကြွေသည် မဟုတ်သေး။ စိတ်သည် အလွန်လျင်မြန်သည် ဖြစ်သောကြောင့် ဒဏ်ရာရသည်မှသည် ခန္ဓာစဲသည့် အချိန်တိုင်အောင် ဇောများစွာစော၍ စိတ်အမျိုးမျိုး ကူးနိုင်သေးသည်ဖြစ်သောကြောင့် ထိုသူ၏ လားရာဂတိကို အတိအကျ ဆုံးဖြတ်ရန် ခဲယဉ်းကြောင်းနှင့် ပြောဆိုလေ၏။ ထိုအခါ ယောကျ်ား၊ မိန်းမပရိသတ်အပေါင်းတို့က ၎င်းအကြောင်းကို ဘုရား ပါဠိ အကိုးအကားဖြင့် ဟောပြောရန် တောင်းပန်ကြသောအခါ ၎င်းအဘိုး ကြီးက မဇ္ဈိမနိကယ်၊ ဥပရိပဏ္ဏာသပါဠိတော်တွင် အရှင်ဝက္ကလိမထေရ်၊ ဆန္နမထေရ်၊ ဂေါဓိက မထေရ်အစရှိသော မထေရ်တို့မှာ ဓားလက်နက်ဖြင့် အသက်ကို ကုန်လွန်စေပြီးနောက် ပရိနိဗ္ဗာန်ပြုကြကြောင်း၊ ၎င်းတို့အနက်

mgyoe.com

mgyoe.com


အရှင်ဆန္ဒမထေရ်မှာ မိမိ၏ကိုယ်ကို ဓားလက်နက်ဖြင့် ထိုးလိုက်ပြီးသည် နောက် ဓား၊ လှံ၊ ကြိုးအစရှိသည့် မိမိလားရာ မကောင်းသော ဂတိနိမိတ် ကို ထင်မြင်သည့်အခါမှ သတိရ၍ ရဟန်းတရားကို အားထုတ်သည်တွင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သည်နှင့် တစ်ပြိုင်နက်၊ အသက်ကုန်ခြင်းသို့ ရောက်သည်ဖြစ်သောကြောင့် ထိုသို့သော ပုဂ္ဂိုလ်မျိုးကို သမသိတိရဟန္တာ ဟူ၍ သမုတ်ခဲ့သည့်အကြောင်းများကို ပါဠိအကိုးအကားဖြင့် ရွတ်ဆိုကာ ဟောပြောသော အခါ ပရိသတ်တို့လည်း များစွာထူးဆန်းပါပေကြောင်း နှင့် ချီးမွမ်းပြောဆိုကြလေ၏။

၄င်းနောက် ယောကျ်ား၊ မိန်းမပရိသတ်တို့လည်း မိမိကိုယ်ကို မိမိသတ်အပ်၊ မသတ်အပ်၊ သတ်ထိုက်၊ မသတ်ထိုက်အကြောင်းများကို တစ်ယောက်တစ်ခွန်းပြောကြပြန်ရာ ယခင်က အဘိုးကြီးလည်း ဆေးလိပ် သောက်ကာ ငြိမ်ဝပ်စွာ နားထောင်လျက်ရှိရာမှ ဆေးလိပ်ကိုချပြီးနောက် ချောင်းဟန့်လျက် စကားတစ်ခွန်းပြောပါရစေဟု ခွင့်တောင်း၍ အနန္တသတ္တဝါ အပေါင်းတို့မှာ သေခြင်းတည်းဟူသော ဘေးကို အကြီးဆုံးသော ဘေးကြီးဟူ၍ မှတ်ထင်ကြစမြဲ ဖြစ်သည်အတိုင်း၊ သေရမည်ကို ကြောက်ရွံ့ကြသည်သာလျှင် ဖြစ်ရာ မိမိ၏ လက်နက်ဖြင့် မိမိ၏ ကိုယ်ကိုသတ်ဖြတ်ရခြင်းမှာ သတ်ထိုက် သည်၊ မသတ်ထိုက်သည်ကို ကာယကံရှင်သာလျှင် ဆုံးဖြတ်နိုင်ရန်ရှိကြောင်း၊ ၄င်းအကြောင်းနှင့် စပ်လျဉ်း၍ မိမိကိုယ်တိုင် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက် တစ်ခုမှာ များစွာထူးဆန်းအံ့သြဖွယ်ရာ ဖြစ်ပေသောကြောင့် ပရိသတ်တို့ ကြားရသည်အခါ အကြင်သူသည် မိမိကိုယ်ကို သတ်ထိုက်၊ မသတ်ထိုက် အကြောင်းကို ဆုံးဖြတ်ရန် များစွာခဲယဉ်းမည် အကြောင်းနှင့် ပြောဆိုလေ၏။ ၄င်းအဘိုးကြီးမှာ အရွယ်အားဖြင့်လည်း ကြီးရင့်သည်တစ်ကြောင်း၊ ပညာ ဉာဏ်လည်း ထက်မြက်သည် တစ်ကြောင်း၊ ဒေသန္တရ ဗဟုသုတစသည် တို့နှင့်လည်း ပြည့်စုံသည့်အကြောင်းကို ပရိသတ်အပေါင်းတို့သိရှိပြီးဖြစ်ပေ ရကား၊ ၄င်းအကြောင်းနှင့်စပ်လျဉ်း၍ အဘိုးကြီး တွေ့ကြုံခဲ့ရသည့် အဖြစ် အပျက်များကို များစွာ ကြားနာလိုကြပါကြောင်းနှင့် တောင်းပန်ကြသည်ဖြစ်၍ အဘိုးကြီးလည်း အောက်ပါအတိုင်း ပြန်ပြောင်းပြောဆိုလေ၏။

(၄င်းအဘိုးကြီး၏ အမည်မှာ ဦးဆိုးဂေါင်ဟူ၍ ခေါ်တွင်ခဲ့လေရာ

mgyoe.com

mgyoe.com

၄င်းတွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်များကို ပရိသတ်တို့အား နှုတ်ဖြင့်ပြော ဆိုသည်မဟုတ်ဘဲ စာဖြင့်ရေးသားထုတ်ဖော်ပြရပေအံ့။)

မြန်မာသက္ကရာဇ် ၁၂၄၀ ပြည့်နှစ်တွင် ကျွန်ုပ်တို့ အရှင်သီပေါမင်းသည် ခမည်းတော် မင်းတုန်းမင်းတရားကြီး၏ ထီးမွေ၊ နန်းမွေကို ဆက်ခံတော်မူသည်ဖြစ်ရာ၊ ၄င်းဘုရင်နန်းတက်ပြီးသည်နောက် တစ်နှစ်ခန့်မျှကြာရှိသည့်အခါကာလတွင် ကျွန်ုပ်သည် ထိုစဉ်အခါက လူတို့သွားလာရောက်ပေါက်ခြင်း နည်းပါးလှသေးသည့် မဲဇာချောင်း၊ ရွှေလီချောင်းအစရှိသော မြစ်ငယ်၊ ချောင်းငယ်တို့၌ လောင်းလှေတို့နှင့် စုန်ဆန်သွားလာပြီးလျှင် ချောင်းရိုးတစ်လျှောက်၌ တည်ရှိသော ရွာငယ်ဇနပုဒ်တို့တွင် ကုန်စည်အထည်အလိပ်တို့ကို ရောင်းချခြင်းအားဖြင့် စီးပွားဥစ္စာရှာမှီးခြင်းကို ပြုခဲ့ဖူးလေသည်။ ထိုကဲ့သို့ ကူးသန်းရောင်းဝယ်ခြင်းအမှုကို ပြုလျက်ရှိစဉ်ကျွန်ုပ်သည် ငယ်စဉ်အခါက ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက်ဖြစ်သော မောင်အောင်ဘော်ဆိုသူနှင့် ရွှေလီဝတွင် တွေ့ဆုံမိ၍ ထိုသူသည် စီးပွားဥစ္စာအတော်အတန် ခိုင်လုံသူတစ်ယောက်ဖြစ်ပါလျက် အထက်ကျေးရွာတို့သို့ မည်သည့်ကိစ္စနှင့် လာရောက်ခဲ့ပါကြောင်းကို ကျွန်ုပ်က မေးမြန်းရာ မောင်အောင်ဘော်က ဤအရပ်တွင် တောဆင်ရိုင်းတို့ အလွန်တရာ ထူထပ်ပေါများလှသည်ဟု ကြားရဖူးသည်မှာ မှန်ပါသလောဟု ကျွန်ုပ်အား ပြန်၍မေးလေ၏။ ထိုအခါ ကျွန်ုပ်တော်က ဤအရပ်၌ တောဆင်ရိုင်းတို့မှာ အတိုင်းမသိပေါများလှကြောင်း၊ ရံဖန်ရံခါ ကျွန်ုပ်တို့သည် လှေငယ်၊ တက်ငယ်နှင့် စုန်ဆန်သွားလာသည့်အခါ ရွှေလီချောင်းကမ်းပါးတွင် ၇၀-၈၀ မှသည် ၁၀၀ ခန့်မျှတိုင်အောင်ရှိသော ဆင်ရိုင်းအုပ်တို့သည် ရေသောက်ဆင်းမည်ဟု ပြုနေသည်များကို မကြာခဏ တွေ့မြင်ကြရဖူးကြောင်းများနှင့် ဖြေဆိုရလေ၏။ ထိုအခါ မောင်အောင်ဘော်သည် မိမိ၏ အင်္ကျီအိတ်မှ ပုရပိုက်ငယ်တစ်ခုကို ထုတ်ပြီးလျှင် ကျွန်ုပ်၏ရှေ့တွင် ခင်းလျက် အင်္ဂလိပ်အစိုးရတို့ ယခုအခါ ရိုက်နှိပ်ထားသည့် မြေပုံနှင့် အလားသဏ္ဌာန်တူသော စာမျက်နှာကို ကျွန်ုပ်အားပြပြီးနောက် ရွှေလီမြစ်စရာ အရပ်ဖြစ်သော နေရာကို လက်ဖြင့် ထောက်၍ ဤနေရာသည် ရွှေလီမြစ်စရာ အရပ်မဟုတ်ပါလောဟု ကျွန်ုပ်အားမေးလေ၏။

mgyoe.com

ထိုအခါ ကျွန်ုပ်သည် ထိုသူ၏ မြေပုံကို နားလည်အောင် အတန်ကြာ ကြည့်ပြီးနောက် ဟုတ်ပါကြောင်းနှင့် ဖြေဆိုသည့်အခါ မောင်အောင်ဘော်က ၎င်းမြစ်စရာအရပ်မှ မြောက်စူးစူး၌ရှိသော နေရာတစ်ခုကို လက်ဖြင့် ထောက်ပြန်၍ မြစ်၏အစမှသည် ထိုအရပ်သို့ ခရီးမည်မျှကွာဝေးပါမည်နည်း ဟု မေးမြန်းလေ၏။ ထိုအခါ ကျွန်ုပ်က မြစ်၏အလျားနှင့် ခန့်မှန်း၍ မြန်မာတိုင်ပေါင်း ၁၀၀ ကျော် (အင်္ဂလိပ်မိုင် ၂၀၀ ကျော်)ခန့်မျှ ကွာဝေး မည်ဟု ထင်မှတ်ကြောင်း၊ ပြောသောအခါ မောင်အောင်ဘော်က ထိုအစပ်သို့ သူနှင့်အတူလိုက်ပါမည်လောဟု ကျွန်ုပ်ကို မေးမြန်းလေ၏။ ထိုအခါ ကျွန်ုပ် က အကျိုးရှိမည်ဆိုလျှင် မည်သည့်အရပ်မဆို လိုက်နိုင်ကြောင်း ပြောပြ သောအခါ မောင်အောင်ဘော်က အကယ်၍ ထိုအရပ်သို့ သူနှင့်အတူ လိုက်ပါပြီးနောက် အကြံအစည် အထမမြောက်ခဲ့သော် အသပြာ ၁,၀၀၀ ကျပ်ပေးမည် ဖြစ်ကြောင်း အကယ်၍ အထမြောက်ခဲ့သည်ရှိသော် ကျွန်ုပ် တစ်သက်တွင်မျှမက သားစဉ် မြေးဆက် ဆက်လက်၍ စားသောက်သော် လည်း မကုန်ခန်းနိုင်လောက်အောင် ဥစ္စာကြေးငွေတို့ကို ရရှိမည်ဖြစ်ကြောင်း နှင့် ပြောဆိုလေ၏။

ထိုအခါ ကျွန်ုပ်က မောင်အောင်ဘော်အား သိုက်တူးဆရာတစ် ယောက် ဖြစ်ပါသလောဟုမေး၍ သိုက်တို့မည်သည်မှာ ဘီလူးစောင့်ခြင်း၊ မြွေစောင့်ခြင်း၊ နဂါးစောင့်ခြင်းအစရှိသည်ဖြင့် ရှုပ်ထွေးလှသည်ဖြစ်၍ များစွာ အယုံအကြည်မရှိနိုင်ကြောင်းနှင့် ပြောဆိုလေလျှင် မောင်အောင်ဘော်က သူ၏ အလုပ်မှာ သိုက်ဆရာအလုပ်နှင့် အနည်းငယ်တူကြောင်း၊ သို့ရာတွင် ပစ္စည်းဘဏ္ဍာ၊ ရွှေငွေကို တူးရန်လည်း မဟုတ်။ တွေ့ရှိသောအခါ၌ တူး၍ ယူရမည်လည်း မဟုတ်။ မည်သည့်အစောင့်အရှောက် အကာအဆီးမျှလည်း မရှိကြောင်းနှင့် ပြောဆိုသောအခါ ကျွန်ုပ်က ကျွန်ုပ်နားလည်အောင် တစ်ခါ တည်း ဖွင့်ဟ၍ ပြောပါမည့်အကြောင်းနှင့် တောင်းပန်ရလေ၏။ ထိုအခါ မောင်အောင်ဘော်က ဤအရပ်တွင် ဆင်ရိုင်းတို့များစွာ ပေါများလှသည်ဟု ကချင်တစ်ယောက်က ပြောသဖြင့် ကြားသိရလေရာ၊ ၎င်းကချင်က ဆင်ရိုင်း တို့သည် အသက်အရွယ်ကြီးရင့်သဖြင့် အိုမင်းမစွမ်းရှိသည့်အခါ မိမိတို့ သင်္ချိုင်းရှိရာသို့ သွား၍ ထိုသင်္ချိုင်းသို့ရောက်သည့်အခါမှ သေကြစမြဲဖြစ်

mgyoe.com

mgyoe.com


ကြောင်း၊ ဤအရပ်၊ ဤဒေသတွင် ဆင်တို့သည် နှစ်ပေါင်းများစွာ လွန်ခဲ့သည့်အခါမှစ၍ တည်ရှိခဲ့သည်ဖြစ်သောကြောင့် ထောင်သောင်းမက သော ဆင်တို့၏ အရိုး၊ ဆင်၏ အစွယ်တို့သည် အဆိုပါ ဆင်သင်္ချိုင်း၌ စုပုံလျက်ရှိကြောင်းများနှင့် ပြောဆို၍ ကချင်သည် မိမိကိုယ်တိုင်မရောက် ပေါက်ဖူးသော်လည်း မိမိကြားဖူးသောလမ်းစဉ်၊ ခရီးစဉ်ကို မောင်အောင်ဘော် အား ပြောပြလိုက်သည်ဖြစ်၍ မောင်အောင်ဘော်သည် မြေပုံနှင့်တကွ ခရီးစဉ်ကို တွက်ချက်မှန်းဆရေးကူး၍ လာခဲ့ကြောင်း၊ မောင်အောင်ဘော်မှာ အမိ၊ အဖတို့ သေဆုံးပြီးနောက် အမွေအနှစ်များစွာ ကျန်ရစ်ခဲ့သည့်အနက်မှ အသပြာငွေ ၃,၀၀၀ ကျပ်မျှ လမ်းစရိတ်အဖြစ်နှင့် ဆောင်ယူခဲ့ကြောင်း၊ သို့ဖြစ်၍ ကျွန်ုပ်သည် သူနှင့်အတူ လိုက်ပါလိုခဲ့သည်ဖြစ်လျှင် ဆင်စွယ်တို့ကို မတွေ့ခဲ့သည်ရှိသော် အသပြာငွေ ၁,၀၀၀ ကျပ်မျှပေးမည်ဖြစ်ကြောင်း၊ အကယ်၍ တွေ့ရှိခဲ့သော် ငှင်းဆင်စွယ်တို့ကို အင်္ဂလိပ်အစိုးရတို့ အုပ်ချုပ် ရာဖြစ်သော အောက်မြန်မာပြည်သို့ တင်ပို့ရောင်းချ၍ ရသမျှငွေအနက် ကျွန်ုပ်အား သုံးပုံ၊ တစ်ပုံပေးမည်ဖြစ်ကြောင်း။ ထို့ပြင် ဆင်သင်္ချိုင်းကို တွေ့သည့်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ လမ်းစရိတ်အတွက် ကုန်ကျရန်မှာ သူ၏ တာဝန်ဖြစ်ကြောင်းနှင့် ပြောဆိုလေ၏။

ယင်းကဲ့သို့ ပြောပြသည့်အခါ ကျွန်ုပ်မှာ ထိုစဉ်အခါက အသက် ၃၀ ခန့်မျှရှိ၍ မုဆိုးဖိုလည်း ဖြစ်ပြန်၊ သားသမီးလည်း မကျန်ရစ်ပြန်၊ အမိအဖလည်း မရှိပြန်၊ ဆွေမျိုးဉာတိလည်း နည်းပါးပြန်သည်ဖြစ်၍ ခင် တွယ်ရမည့်သူ မရှိဖြစ်သည်ပြင် ငယ်စဉ်အခါကပင် မောင်အောင်ဘော်အား လည်း ချစ်ခင်ခဲ့ဖူးသည်တစ်ကြောင်း၊ ထူးဆန်းသောအဖြစ်အပျက်များကို ကြုံတွေ့လိုသောစိတ်လည်း ရှိသည်တစ်ကြောင်းကြောင့် ဆင်သင်္ချိုင်းကို တွေ့ သည်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ၊ အခကြေးငွေရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ များစွာသဘောမထားဘဲ စွန့်စွန့်စားစား သွားလာရခြင်းကိုပင် နှစ် သက်သည်ဖြစ်၍ သူနှင့်အတူ လိုက်ပါရန် ခံဝန်ချက်ပေးမိလေ၏။

ထိုကဲ့သို့ ဝန်ခံပြီးသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်တို့သည် လူ ၁၀ ယောက်ခန့်မျှ တစ်လစာ စားရေရိက္ခာတို့ကို ဝယ်ခြမ်းကြပြီးလျှင် ကျွန်ုပ်၏ လှေပေါ်သို့တင်၍ လှေထိုးသမားလေးယောက်မျှကို ငှားရမ်းပြီးနောက် နောက်

mgyoe.com

mgyoe.com

တစ်နေ့၌ပင်လျှင် ရွှေလီချောင်းကို ဆန်တက်ကြလေ၏။

မောင်အောင်ဘော်မှာ ကျွန်ုပ်နှင့် ကျောင်းနေဖက်သူငယ်ချင်းဟူ၍ ဖော်ပြခဲ့သော်လည်း ကျွန်ုပ်သည် ကိုရင်ဝတ်အရွယ်ရှိခါမှ သူသည် ကျောင်းသားမျှ ရှိသေးသည်ဖြစ်ရာ စင်စစ်အားဖြင့် ကျွန်ုပ်ထက် ငါးနှစ်ခန့်မျှ ငယ်သေးသည်ဖြစ်သောကြောင့် ထိုစဉ်အခါ၌ အသက် ၂၅ နှစ်အရွယ်ခန့်မျှ သာလျှင် ရှိသေးပေ၏။ မောင်အောင်ဘော်မှာ ထိုစဉ်အခါက သားမယားမရှိဘဲ လူပျိုဘဝဖြင့် လွတ်လပ်စွာ နေထိုင်လျက်ရှိသည်ဖြစ်ရာ ၎င်း၏ ရုပ်ဆင်းသဏ္ဌာန်မှာ အသားဖြူဖြူ၊ နှာတံပေါ်ပေါ်၊ မျက်ခုံး သေးသေးနက်နက် သွယ်သွယ်တန်းတန်းရှိလျက်၊ ကိုယ်လုံးကိုယ်ပေါက်မှာ သေးသေးသွယ်သွယ် ရှိသည်ဖြစ်၍ လူချောလူယဉ်တစ်ယောက် ဖြစ်ပေသည့်ပြင် နက်နဲခက်ခဲသော အခြင်းအရာ စာပေပရိယက်တို့၌ လေ့လာခြင်းပြုတတ်သည်ဖြစ်၍ ၎င်း၏ မျက်နှာထားမှာ အစဉ်မပြတ် နက်နက်နဲနဲ စဉ်းစားစိတ်ကူး၍ နေဘိသကဲ့သို့ ငြိမ်သက်သော ဣန္ဒြေလည်းရှိပေ၏။

ကျွန်ုပ်တို့သည် ထိုးဝါးလေးလက်တို့ဖြင့် မြစ်ကို ဆန်တက်၍ ၁၀ ရက်ခန့်မျှ သွားမိကြလေလျှင် ရှမ်းလူမျိုးတို့နေထိုင်ရာဖြစ်သော ခိုးလိုအမည်ရှိ ရွာငယ်ဇနပုဒ်သို့ ဆိုက်ရောက်ကြလေ၏။ ကျွန်ုပ်သည် ကျွန်ုပ် လှေဖြင့် မြစ်ရိုးတစ်လျှောက် ကူးသန်းရောင်းဝယ်ခြင်းပြုသည့်အခါ ဤရွာသည် ကျွန်ုပ်၏ ခရီးဆုံးရာအရပ်ဖြစ်၍ ဤရွာမှ တစ်ဖန်ပြန်၍ စုန်မြဲဖြစ်လေရာ ကျွန်ုပ်၏ ကုန်စည် အထည်အလိပ်ရှိသမျှတို့ကို ၎င်းရွာရှိ မိတ်ဆွေတစ်ဦးထံ အပ်နှံ၍ထားပြီးနောက် လိုသမျှစားရေရိက္ခာများကို ထပ်မံဝယ်ခြမ်းကြပြီးလျှင် မြစ်ကို တစ်ဖန်ဆန်၍ တက်ကြပြန်လေ၏။

မြစ်သည်လည်း ၎င်းအရပ်၌ အလွန်တရာ ကျဉ်းမြောင်း၍ ရေစီးသည်လည်း အလွန်တရာ လျင်မြန်လှသည်ဖြစ်ရာ ထိုးဝါးကိုင်သူလေးယောက်တို့သည် တစ်နေ့လျှင် ၆ နာရီခန့်မျှ ထိုး၍ ကျွန်ုပ်သည် လှေကို ပဲ့လျက် ၆ ရက်ခန့်မျှ ဆန်တက်မိပြန်လေလျှင် ရွှေလီမြစ်၏ လက်ဝဲဘက်ကမ်းပါးတွင် ဖြူစင်လှပ၍ နုနယ်ပြေပြစ်ခြင်းနှင့် ပြည့်စုံသည့် ၁၆ နှစ်အရွယ် သူငယ်မလေးတစ်ယောက်သည် ရေအိုးကို ရေတွင်နှစ်ရင်း ကျွန်ုပ်တို့ရှိရာသို့ စိန်းစိန်းကြည့်လျက် ရှိသည်ကို တွေ့မြင်ရလေ၏။ ၎င်းသူငယ်မရှိရာနှင့်

mgyoe.com

mgyoe.com

မနီးမဝေးအရပ်၌ကား တဲငယ်ကလေးတစ်ခု ရှိလေရာ မောင်အောင်ဘော်မှာ သူငယ်မနှင့် တဲငယ်ကို မြင်သည်နှင့်တစ်ပြိုင်နက် လှေကို ဆိုက်ကပ်ရန် အမိန့်ပေးလေ၏။ လှေထိုးသားများလည်း နံနက်စာထမင်းကို ချက်ပြုတ်ရန် ပြင်ဆင်ကြလေရာ ကျွန်ုပ်နှင့် မောင်အောင်ဘော်မှာ စုံစမ်းမြန်းရန် ယခင်က တဲငယ်ကလေးသို့ သွားရောက်ကြလေ၏။ ကျွန်ုပ်တို့သည် တဲငယ်ကလေးသို့ ရှေးရှုလာ၍ အနည်းငယ်သောအရပ်မှပင်လျှင် အသက် ၄၀ ကျော်အရွယ်ခန့်ရှိ လူတစ်ယောက်သည် တဲဝမှ ရပ်လျက် ကျွန်ုပ်တို့အား မသင်္ကာသောမျက်နှာထားဖြင့် ကြည့်လျက်ရှိရာ ကျွန်ုပ်တို့သည် တဲအနီးသို့အရောက်သောအခါ ထိုသူသည် သာမညလူတစ်ယောက် မဟုတ်သည့်အကြောင်းကို တွေ့ရှိရလေ၏။

ထိုသူမှာ အထက်တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း အသက် ၄၀ ကျော် အရွယ်ခန့်မျှရှိ၍ အထူးသဖြင့် လူရည်သန့်ခြင်း၊ နဖူးကျယ်ခြင်း၊ နှာတံပေါ်လွင်ခြင်း၊ နှုတ်ခမ်းမွေးရေးရေးနှင့် အလွန်တရာ ယဉ်ကျေးခြင်း၊ ကိုယ်လုံး ကိုယ်ပေါက်မှာ သေးသေးဖြောင့်ဖြောင့်နှင့် ခံ့ညားသောအမူအရာရှိခြင်း၊ အထူးသဖြင့် ကြည်လင်စူးရှ၍ ထက်မြက်တည်ကြည်သော မျက်လုံးတို့ဖြင့် ငြိမ်သက်စွာ အကဲခတ်လျက်ရှိခြင်းတို့ကို ထောက်ချင့်ရသည့်ပြင် မြန်မာ အစစ်ဖြစ်ကြောင်းကိုလည်း အထူးထူးသောအင်္ဂါအစိတ်အပိုင်းတို့မှ ထင်ရှားစွာ ပြလျက်ရှိသည်ကို တွေ့မြင်ကြလေရကား ကျွန်ုပ်တို့မှာ ဤသို့သော ယောကျ်ားနှင့် ဤသို့သော သူငယ်မကလေးသည် ဤသို့သောအရပ်သို့ မည်သည့်နည်းနှင့် လာရောက်နေထိုင်လျက်ရှိကြသည်ကို အဝေးကပင်လျှင် တွေးတောလျက် လာကြလေ၏။

တဲရှေ့သို့ရောက်ကြလျှင် ထိုသူသည် ကျွန်ုပ်တို့အား သေချာစွာ ခြေဆုံးခေါင်းဆုံး ကြည့်ကာမျှနှင့် ယခင်က သင်္ကာမကင်းရှိသော အမူအရာ အတန်ငယ်ပပျောက်သည့် လက္ခဏာဖြင့် ထိုက်သည့်အားလျော်စွာ ဝန်ခံ၍ ကျွန်ုပ်တို့၏ ကိစ္စကိုမေးရာ ကျွန်ုပ်တို့မှာ ယုံကြည်စိတ်ချရသော လူတစ်ယောက်ဖြစ်သည်ဟု မြင်ကာမျှနှင့် ယုံကြည်စိတ်ချကြသည်ဖြစ်သော ကြောင့် လာရောက်သည့် ရည်ရွယ်ချက်ကို အတိအလင်း ထုတ်ဖော်ပြော

mgyoe.com

mgyoe.com


ဆိုကြရာ ထိုသူသည် ကျွန်ုပ်တို့၏ အမူအရာ အရိပ်အကဲကို ကြည့်ပြီးနောက် ပြောသည့်အတိုင်း ဟုတ်မှန်၏ဟု ခန့်မှန်းမိသည့်အနေဖြင့် ရှေးကထက်ပင် အရောတဝင် ခေါ်ငင်ပြောဆိုခြင်းကို ပြုပြန်လေ၏။

ယင်းကဲ့သို့ တဲဝ၌ စကားပြောဆိုလျက်ရှိကြစဉ် တဲအတွင်း၌ကား ယခင်က သူငယ်မသည် မီးဖိုတစ်ခု၏အနီးတွင် နံနက်စာကို ချက်ပြုတ်လျက် ရှိရာ မောင်အောင်ဘော်မှာ ကျွန်ုပ်တို့ စကားပြောဆိုရာ၌ များစွာပါဝင်ခြင်း မပြုဘဲ တဲအတွင်းသို့သာလျှင် မကြာခဏ စောင်းမြောင်းကြည့်ရှုလျက်ရှိလေ၏။ ၎င်းနောက် ကျွန်ုပ်သည် ဤသူနှစ်ဦးတို့သည်ကား သားအဖဖြစ်လေသလား၊ လင်မယားဖြစ်လေသလော။ မြန်မာလူမျိုးစင်စစ်ဖြစ်၍ အလွန်တရာ လူရည်သန့်လှ၍ ဆွေကောင်းမျိုးကောင်း၊ မျိုးကြီးနွယ်မြတ်ဖြစ်ကြောင်း ထင်ရှားပါလျက် ယင်းကဲ့သို့ လူသူမနီး တောကြီးအတွင်းတွင် နှစ်ယောက်တည်း နေထိုင်ရခြင်းမှာ အမှန်မုချ အကြောင်းတစ်စုံတစ်ရာ ထူးထူးခြားခြား ရှိရမည်အကြောင်းကို တွေးထင်မိသည်အတိုင်း ကေန်အမှန်သိလိုလှသည်ဖြစ်၍ စမ်းသပ်ခါ မေးမြန်းမိရာတွင် ထိုသူနှစ်ယောက်တို့မှာ သားအဖဖြစ်ကြောင်း အဖဖြစ်သူမှာ မင်းညီမင်းသား အနွယ်အဆက်ဖြစ်၍ သီပေါဘုရင်နန်းတက်သည့်အခါတွင် မင်းညီမင်းသားအပေါင်းတို့ကို လက်ရဖမ်းဆီး၍ ချုပ်နှောင်ထားသည်တွင် မိမိ၏ သမီးငယ်နှင့် လက်လွတ်ထွက်ပြေးခဲ့၍ တစ်နှစ်ကျော်ခန့်မျှ ဤအရပ်တွင် တိမ်းရှောင်ပုန်းအောင်းလျက် ရှိနေကြကြောင်းများကို သိရှိရလေ၏။

ကျွန်ုပ်တို့သည် သားအဖနှစ်ယောက်အား သနားကရုဏာရှိလှသည် ဖြစ်၍ ကျွန်ုပ်တို့၏ လှေ၌ ပါခဲ့သော စားဖွယ်သောက်ဖွယ်တို့ကို ခွဲဝေပေး ကမ်းပြီးလျှင် ၎င်းတဲ၌ပင် နံနက်စာစားသောက်ကြပြီးနောက် စကား ဆက်လက်၍ အကျွမ်းတဝင် တိုင်ပင်ပြောဆိုလျက် ရှိကြလေရာ ထိုသူ၏အမည်မှာ ဦးထွန်းတင်ဖြစ်၍ သမီး၏ အမည်မှာ မမျိုးစစ်ဖြစ်သည်ဟု ပြောသော်လည်း အမှန်မုချ နာမည်ရင်းမဟုတ်ကြောင်းကို ကျွန်ုပ်တို့ တွေးမိကြလေ၏။ ၎င်းတို့ သားအဖမှာ မန္တလေးမြို့မှ ထွက်ပြေးခဲ့သည်မှစ၍ လူသူလေးပါးတို့နှင့် တွေ့ဆုံဆက်ဆံခြင်းမပြုဘဲ အသက်မသေလျှင် ပြီးစေတော့ဟု အောက်မေ့ လျက် မုဆိုးအဖြစ်နှင့် ရှာဖွေစားသောက်လျက် လူရိုင်းတို့ဘာဝ နေထိုင်ရှာကြ

mgyoe.com

mgyoe.com


ရသည်ဖြစ်ရာ အခြေအရံ ကျေးကျွန်ဟူ၍ လူတစ်ယောက်သာလျှင် ပါရှိခဲ့လေသည်။ သို့ဖြစ်၍ ကျွန်တို့သည် ခရီးဆက်လက်၍ သွားမည်ဟု ပြင်ဆင်ကြသောအခါ သားအဖနှစ်ဦးလုံးကပင် ဤတဲစခန်း၌ နှစ်ရက်တန်သည်၊ သုံးရက် တန်သည် တည်းခိုနေထိုင်ကြပါမည်အကြောင်းနှင့် တောင်းပန်ကြရာ မောင်အောင်ဘော်မှာလည်း မမျိုးစစ်၏ မျက်နှာကို ကြည့်ကာကြည့်ကာဖြင့် အလျှင်မလိုသင့်ကြောင်း ကျွန်ုပ်အား ပြော၍ ရက်ဆွဲလေ၏။ မမျိုးစစ်မှာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အသက် ၁၆ နှစ်မျှ ရှိခဲ့သည်ဖြစ်ရာ အရုပ်အရည်မှာ လွန်မင်းစွာ လှပသည်မဟုတ်သော်လည်း အသားအရေ၏ ကြည်လင်သန့်ရှင်းခြင်း၌ လည်းကောင်း၊ အမူအရာ၏ နူနယ်ပျော့ပျောင်းခြင်း၌ လည်းကောင်း၊ တည်ကြည်ခံ့ညားသော မိန်းမတို့ဣန္ဒြေ၌ လည်းကောင်း နှစ်ယောက်မရှိလောက်အောင် ထူးကဲသော သူငယ်မလေးတစ်ယောက် ဖြစ်ပေရကား မောင်အောင်ဘော်မှာ သုံးရက်မှသည် လေးရက်၊ လေးရက်မှသည် ခုနစ်ရက်။ ၄င်းနောက် ၁၀ ရက်၊ ၄င်းနောက် ၁၅ ရက်ခန့်မျှ ထိုတဲ၌ ဆက်လက် တည်းခိုနေထိုင်ခဲ့ကြလေ၏။

ယင်းကဲ့သို့ တည်းခိုနေထိုင်သည့်အတွင်း မောင်အောင်ဘော်နှင့် မမျိုးစစ်တို့မှာ မခွဲခွာနိုင်ရက်အောင် စုံမက်ချစ်ခင်ခြင်း ဖြစ်လေရကား။ မောင်အောင်ဘော်သည် ကျွန်ုပ်အား တစ်နေ့သ၌ မြစ်ကမ်းပါးသို့ခေါ်၍ ပြောသည်မှာ။

ဘော်။ "ကိုင်း... ကိုဆိုးဂေါင်၊ သည်လိုနေလို့ဖြင့် မဖြစ်ကြဘူး။ သွားစရာလမ်းကို မြန်မြန်သွားပြီး ကိစ္စပြီးအောင်လုပ်ကြမှတော်မယ်"

ကျွန်ုပ်။ "ဘာကိစ္စလဲဗျ"

ဘော်။ "မမျိုးစစ်တို့သားအဖကို အောက်ပြည်အောက်ရွာခေါ်ပြီး မမျိုးစစ်နဲ့ ကျုပ်နဲ့ လက်ထပ်ဖို့ကိစ္စပေါ့ဗျ"

ယင်းကဲ့သို့ ပြောလေလျှင် ကျွန်ုပ်မှာ အတန်ငယ်ရိပ်မိ သိရှိပြီးဖြစ်သော်လည်း ထိုကဲ့သို့ ရုတ်တရက် သေချာနိုင်သေးမည်မထင်သည်နှင့် အံ့အားသင့်လျက်ရှိရာ မောင်အောင်ဘော်က ၄င်းတို့နှစ်ဦးမှာ ချစ်ခင်စုံမက်ကြပြီးဖြစ်ကြောင်း၊ မမျိုးစစ်မှာလည်း သာမညဆင်းရဲသားအမျိုးအနွယ် မဟုတ်သည်ဖြစ်သောကြောင့် ၄င်း၏ဂုဏ်နှင့် လျော်ညီစွာ ခံ့ညားတင့်တယ်စွာ

mgyoe.com

mgyoe.com


နေထိုင်နိုင်စေရန် မိမိ၏ တာဝန်ဖြစ်သောကြောင့် ဆင်စွယ်များကို တွေ့ရှိအောင် ရှာဖွေခြင်းသည် ယခုမှ သာ၍ အရေးကြီးခဲ့ကြောင်း၊ သို့ဖြစ်၍ နက်ဖြန်ပင် ဤအရပ်မှ ထွက်ခွာကြပြီးလျှင် ဆင်စွယ်များကို ရရှိသောအခါ ၎င်းတို့နှင့် တကွ သားအဖနှစ်ယောက်လုံးတို့ပါ မြန်မာမင်းနှင့် သက်ဆိုင်ခြင်းမရှိသော အောက်မြို့ကျေးရွာသို့ သွားရောက်ကြမည့်အကြောင်းများနှင့် ပြောဆိုလေ၏။

နောက်တစ်နေ့ နံနက်တွင် ကျွန်ုပ်တို့သည် ၎င်းစီမံချက်အရ မြစ်ကို ဆန်တက်ကြပြန်ရာ သားအဖနှစ်ယောက်တို့သည် မြစ်ကမ်းပါးမှရပ်လျက်၊ တဘက်များကို ယမ်းခါယမ်းခါပြလျက်၊ မြစ်သည် ကောက်၍သွားသဖြင့် သစ်ပင်များ ကွယ်သွားသည့်အခါမှ မောင်အောင်ဘော်လည်း ကျွန်ုပ်ဘက်သို့ ရဲရဲနီသော မျက်စိတို့ဖြင့် လှည့်ကြည့်ပြီးနောက်...

"စိတ်လေးလိုက်တာ ကိုဆိုးဂေါင်ရယ်။ သည်မျက်နှာကလေးကို ကျွန်တော်ဖြင့် နောက် ထပ်ပြီးမြင်ရတော့မယ် မထင်ပါဘူး"

ဟု ပြော၏။ မျက်နှာကို ပဝါဖြင့်သုတ်သည်တွင် ကျွန်ုပ်မှာ တတ်အားသမျှ အားပေးရလေ၏။

ထိုတဲစခန်းမှ သုံးရက်ခန့်မျှ ဆန်တက်မိကြပြန်လေလျှင် ကျွန်ုပ်တို့ သည် ကချင်ရွာငယ်တစ်ခုသို့ ဆိုက်ရောက်ကြရာ ထိုအရပ်၏ အထက်သို့မူ မြစ်သည် အလွန်အမင်းပြင်းထန်စွာ ရေစီးသည်ဖြစ်သောကြောင့် လှေဖြင့် ဆန်တက်ခြင်းငှာ မတတ်နိုင်အောင်ရှိလေ၏။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် လှေထိုးသမားများအနက်မှ ကျွန်ုပ်တို့နှင့် လိုက်လိုသူနှစ်ယောက်နှင့် ကချင်ရွာမှ ကချင် ၁၆ ယောက်တို့ကို ၎င်းတို့လိုချင်သည့် အဖိုးအခကို ပေးကမ်း ငှားရမ်းပြီးလျှင် စားရေရိက္ခာတို့ကို နိုင်သမျှ သယ်ပိုးစေလျက် မြစ်ညာသို့ ခြေကျင်ခရီးဖြင့် ဆန်တက်ကြရလေ၏။

ကချင်များအနက် တစ်ယောက်သောကချင်မှာ အတော်အတန် ဉာဏ် ပညာရှိဟန် သဏ္ဌာန်တူလျက် အကြားအမြင်ဗဟုသုတနှင့်လည်း ပြည့်စုံ သည်ဖြစ်ရာ ထိုသူသည် ၎င်းတို့အနက် ဆရာကြီးဖြစ်သဖြင့် ဝန်အနည်းငယ်မျှ ကိုသာ သယ်ယူလျက်၊ မောင်အောင်ဘော်နှင့် ကျွန်ုပ်တို့အနီးမှ လိုက်လာရာ လှေထိုးသမားနှစ်ယောက်တို့မှာ ကျွန်ုပ်တို့နှင့် အတူပါရှိသော မြန်မာယမ်းထိုး သေနတ်နှစ်လက်ကို ထမ်းလျက် နောက်မှ လိုက်ပါလာကြလေ၏။ ကျွန်ုပ်မှာ

mgyoe.com

mgyoe.com


ကချင်လူမျိုးတို့နှင့် ရောင်းဝယ်ဖောက်ကားခြင်း ပြုရသဖြင့် ကချင်စကား အနည်းငယ်တတ်သည်နှင့် ကချင်ဆရာကြီးအား ဆင်သင်္ချိုင်းအကြောင်းကို မေးမြန်း၍ကြည့်ရာ၊ ၎င်းကချင်က ထိုကဲ့သို့ဆင်သင်္ချိုင်းရှိသည်ဟု သူ၏ အဘိုးကပြောသဖြင့် ကြားဖူးကြောင်းနှင့် ပြန်ပြောသည်တွင်ရှိလျှင် တွေ့အောင် ရှာမည်ဟု အားမလျော့ဘဲ ဆက်လက်၍ ရှာဖွေကြလေ၏။

အဆိုပါ ကချင်ရွာမှ ငါးရက်ခန့်မျှ သွားမိလေလျှင် ရွှေလီမြစ်သည် စမ်းချောင်းငယ်ကလေး၏ အရွယ်မျှသာ ရှိသည်ဖြစ်၍ ဤအရပ်သည်ကား မြစ်၏ စရာအရပ်ဟူ၍ ခေါ်ထိုက်ပြီဟု သဘောရပြီးလျှင် ကျွန်ုပ်တို့သည် မြစ်ကမ်းပါးကို စွန့်ပစ်ခဲ့၍ မြောက်စူးစူးကို ခရီးဆက်လက်၍ သွားကြရာ ၎င်းခရီး၌ ကျားများ၊ တောဆင်ရိုင်းများ၊ ဝက်ဝံများတို့၏ ဘေးဖြင့် လည်း ကောင်း၊ ၎က်ဖျားရောဂါ၏ ဘေးဖြင့်လည်းကောင်း ကချင်တစ်ယောက်နှင့် လှေသမားတစ်ယောက်မျှ သေဆုံးခဲ့ပြီးနောက် အရက် ၂၀ ကျော်ခန့်မျှ တောနက်ကြီးများကိုဖြတ်၍ လည်းကောင်း၊ တောင်များကိုကျော်၍ လည်း ကောင်း၊ ချောင်းများကို ကူး၍လည်းကောင်း၊ ပင်ပန်းကြီးစွာ သွားလာရပြီးမှ တစ်နေ့သော ညနေခင်းအချိန်တွင် တောနက်ကြီးတစ်ခုအတွင်း ပေ ၁၀၀ ခန့်မျှရှိ၍ ဖြောင့်တန်းစွာရှိသော လမ်းကြီးတစ်ခုကို တွေ့ရှိကြရလေ၏။

၎င်းလမ်းကြီးမှာ လူသူလေးပါး၊ ရထား၊ ဆင်၊ မြင်းတို့ အမြောက် အမြား သွားလာ၍ ထားဘိသကဲ့သို့ အလွန်တရာ 'ဖုန်' လျက် ရှိသည်ဖြစ် သောကြောင့် ဤတောခရီးတွင် မည်သည့်နည်းနှင့် ဤလမ်းကြီး တည်ရှိနိုင် ပါမည်နည်းဟု အံ့သြလျက် ရှိကြစဉ်၊ ကချင်ဆရာကြီးက လမ်း၌ ခြေရာများ ကို သေချာစွာ ကြည့်ပြီးနောက် "ဆင်လမ်းကြီး" ဖြစ်ကြောင်းနှင့် ပြောဆို လေ၏။ ၎င်းဆင်လမ်းကြီးမှာ ဆင်အမြောက်အမြားတို့ နှစ်ပေါင်း ထောင် သောင်းမက သွားလာခဲ့သောကြောင့် ညက်သောစွာရှိနေကြောင်းနှင့် ပြောပြရာ ကျွန်ုပ်တို့မှာ ဟုတ်တန်ရာ၏ဟု အောက်မေ့လျက် ၎င်းလမ်းအတိုင်း ဆက်လက်၍ လိုက်ကြပြန်လေ၏။ ၎င်းလမ်းအရ ၁၀ ရက်ခန့်မျှ သွားမိလေ လျှင် တစ်နေ့သော ညနေခင်းအချိန်၌ ကျွန်ုပ်တို့သည် လမ်းရှေ့၌ တည့်တည့် ချောက်ကြီးတစ်ခု ဆီးကာလျက်ရှိသည်ကို တွေ့ကြရလေရာ ကျွန်ုပ်တို့သည် ကချင်များအား ဝန်စည်များကိုချ၍ နားနေစေလျက် မောင်အောင်ဘော်နှင့်

mgyoe.com

mgyoe.com


ကျွန်ုပ်တို့သည် လမ်းစခန်းကြည့်ရှုရန် ထွက်လာကြလေ၏။ လမ်းသည်လည်း ချောက်ထဲသို့ တည့်တည့်ဆင်း၍ သွားသည့်လက္ခဏာရှိလေရာ ကျွန်ုပ်တို့သည် လမ်းအတိုင်း လျှောက်သွားကြ၍ ချောက်ကမ်းပါးသို့ ရောက်သည်တွင် မြေပေါ်မှ အလျားမှောက်၍ ချောက်တွင်းသို့ ကြည့်သောအခါ ဝင်လုဆဲဆဲရှိသော နေမင်း၏အရောင်ဖြင့် ချောက်၏အတွင်း၌ ဖွေးဖွေးဖြူလျက် တောင်ပုံရာပုံမျှ ရှိသော ဆင်ရိုးဆင်စွယ်တို့ကို တွေ့မြင်ရလေ၏။ ထိုအခါ ကျွန်ုပ်တို့မှာ များစွာ အားရဝမ်းသာဖြစ်၍ ကျွန်ုပ်တို့၏ လူစုများရှိရာသို့ ပြန်လာ၍ အကျိုးအကြောင်းကို ပြောပြီးလျှင် ယခုမှာမူ နေဝင်လုပြီးဖြစ်သောကြောင့် နက်ဖြန်တိုင်ရောက်လျှင် ချောက်တွင်းသို့ဆင်းကြရန် လျှော်ကြိုးများကို ကျစ်ကြလေ၏။

နံနက်လင်းသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့သည် လျှော်ကြိုးတစ်စကို ချောက်ကမ်းပါးရှိ သစ်ပင်ကြီးများတွင် ချည်နှောင်ပြီးနောက်၊ တစ်စကို ချောက်တွင်းသို့ ပစ်ချ၍ တစ်ယောက်ပြီးလျှင်တစ်ယောက် ချောက်တွင်းသို့ ဆင်းကြရာ ချောက်တွင်း၌ကား ဆင်ရိုး ဆင်ဦးခွံတို့၏ အတွင်း၌ ဆင်စွယ်တို့သည် ရွေးချယ်၍မကုန်နိုင်အောင် မြောက်မြားစွာ စုပုံလျက်ရှိသည်ကို တွေ့ရလေ၏။ ထိုအခါ ကျွန်ုပ်တို့သည် အကောင်းဆုံးသော ဆင်စွယ်များကို ရွေးချယ်၍ ချောက်ပေါ်သို့ ကြိုးဖြင့်ဆွဲ၍ တင်စေသည်ဖြစ်ရာ တစ်ရက်ခန့်မျှ တင်မိကြလျှင် ကျွန်ုပ်တို့ သယ်ယူနိုင်သမျှသော အစွယ်များကို လုံလောက်စွာ ရရှိကြလေ၏။ ၎င်းနောက် ကျွန်ုပ်တို့သည် ချောက်ကမ်းပါး၌ တစ်ရက်မျှနား၍ အမောအပန်းဖြေကြပြီးလျှင် ကချင်တစ်ယောက်လျှင် ပိဿာချိန် ၃၀ မှ ၄၀ ထိ ထမ်းစေလျက် နောက်တစ်နေ့နံနက်တွင် လာသည့်လမ်းအတိုင်း ပြန်လာကြရာ ကချင်တို့မှာလည်း ဝန်လေးလှသည်ဖြစ်သောကြောင့် တစ်နေ့လျှင် ခရီးအနည်းငယ်မျှသာလျှင် သွားလာနိုင်ကြလေ၏။ လူတို့မည်သည်မှာ လောဘတရားသည် အဆုံးမသတ်နိုင်အောင် ကြီးကြသည်ဖြစ်ရာ အကယ်၍ မောင်အောင်ဘော်နှင့် ကျွန်ုပ်တို့သည် ကချင်များကို နင့်လှအောင် မသယ်ယူစေဘဲ အတော်အတန်မျှနှင့် ပြန်လာခဲ့ပါမူ များစွာ ရက်ကြန့်ကြာမည် မဟုတ်သောကြောင့် ကျွန်ုပ်တို့ရှေ့၌ တွေ့လတ္တံ့သော ဒုက္ခကြီးကို တွေ့ကြုံကြရမည် မဟုတ်ပေ။ ယခုမှာမူကား လောဘကြီးသဖြင့် ဒုက္ခကြီးနှင့် တွေ့ကြရပေ၏။

mgyoe.com

mgyoe.com


ကျွန်ုပ်တို့သည် တစ်နေ့လျှင် မိုင် ၂၀ သွားမည်အစား ဝန်လေးလှသဖြင့် ၁၀ မိုင်ခန့်မျှသာလျှင် ခရီးသွားကြ၍ ရက်ပေါင်းအတန်ကြာမှ ကချင်ရွာသို့ ပြန်ရောက်ကြရာ ကချင်များအားလည်း စိတ်ကျေနပ်လောက်အောင် ငွားရမ်းစဉ်အခါကထက် များစွာပိုမိုပေးကမ်းပြီးနောက် ကျွန်ုပ်တို့ထားခဲ့သော လှေလောင်းပေါ်သို့ ဆင်စွယ်များကို တင်ပြီးလျှင် လျင်မြန်နိုင်သမျှ လျင်မြန်စွာ မြစ်ကို စုန်ဆင်းကြလေ၏။

မောင်အောင်ဘော်မှာ ဆင်စွယ်များကို မိမိလိုသမျှ ရပေပြီဖြစ်၍ မိမိ၏ အကြံအစည် အထမြောက်အောင်မြင်ပေတော့မည်ဟု ဝမ်းမြောက်ဝမ်းသာနှင့် ပြန်လာခဲ့သည်ဖြစ်ရာ သားအဖနှစ်ယောက် နေထိုင်သောတဲစခန်းသို့ ရောက်မည့်နေ့ကျရောက်မှ စိတ်မကြည်မရွှင်ဖြစ်ပြီးလျှင် အလွန်တရာစိတ်လေးလှကြောင်းနှင့် ကျွန်ုပ်အား မကြာခဏ ပြောဆိုလေ၏။ ကျွန်ုပ်လည်းတတ်အားသမျှ အားပေး၍ နံနက် ၁၀ နာရီအချိန်ခန့်တွင် မမျိုးစစ်တို့သားအဖနှစ်ယောက်တို့ တဘက်ကိုယမ်း၍ ပြသည်ကို နောက်ဆုံးမြင်လိုက်ရသော နေရာသို့ရောက်လေလျှင် မောင်အောင်ဘော်မှာ ရပ်တည်၍မနေနိုင်အောင် တုန်လှုပ်လျက် နေမထိ ထိုင်မထိ ရှိနေလေ၏။ ၎င်းနောက် မြစ်သည် ကွေ့ကောက်လျက်ရှိသော နေရာကို ကျော်လွန်၍ သားအဖနှစ်ယောက်တို့၏ တဲကို ဘွားခနဲ မြင်နိုင်သောနေရာသို့ ရောက်လေလျှင် မောင်အောင်ဘော်သည် လှေဦးမှရပ်လျက် မျှော်ကြည့်နေရာမှ···

"ဟိုက်··· ချောပြီ၊ ကိုဆိုးဂေါင်ရေ"

ဟု ပြောသဖြင့် ကျွန်ုပ်လည်း လှေပဲ့မှထ၍ ကြည့်လိုက်သည်တွင် တဲငယ်ရှိသောနေရာသည် ပြာပုံမျှသာရှိလျက် တိုင်ငုတ်တို့သည် မီးခိုးအူလျက် ရှိသည်ကို တွေ့မြင်ရလေ၏။

ထိုအခါ ကျွန်ုပ်လည်း လှေကို လျင်မြန်စွာ ဆိုက်ကပ်သည်နှင့် တစ်ပြိုင်နက် မောင်အောင်ဘော်သည် လှေဦးမှခုန်ချ၍ တဲရှိရာသို့ တစ်ဟုန်တည်း ပြေးသွားလေရာ ကျွန်ုပ်မှာ နောက်မှ တတ်နိုင်သမျှမီအောင် ပြေးသွားရလေ၏။ တဲရှိရာသို့ ရောက်လေလျှင် ကျွန်ုပ်တို့သည် သားအဖနှစ်ယောက်ပါ မီးတွင်းသို့ ပါ၍သွားလေသလောဟု ပြာများကို ယက်ဖြ၍ ရှာဖွေလျက်ရှိစဉ် အနီးရှိချုံတွင်းမှ "မောင်အောင်ဘော်၊ မောင်အောင်ဘော်"ဟု တီးတိုး

mgyoe.com

mgyoe.com


ခေါ်သံကြားသဖြင့် ပြေးသွားကြည့်ရှုကြသည်တွင် မမျိုးစစ်၏ ဖခင် ဦးထွန်းတင်ဖြစ်ကြောင်းကို တွေ့ရှိကြရလေ၏။ ဦးထွန်းတင်မှာ ရင်ဝ၌ လှံဖြင့်ထိုးထားသော ဒဏ်ရာမှလည်းကောင်း၊ လည်ပင်း၌ ဓားဖြင့် ခုတ်ထားသော ဒဏ်ရာမှလည်းကောင်း သွေးတို့သည် ယိုစီးလျက် မြေပေါ်၌ ပက်လက်ကလေးမျှ ရှိနေရာ မောင်အောင်ဘော်လည်း အနီးတွင် ဒူးထောက်လျက် ''မမျိုးစစ် ဘယ်မှာလဲခင်ဗျာ။ မမျိုးစစ် ရှိသေးသလားခင်ဗျာ''ဟု မေးသောအခါ ဦးထွန်းတင်သည် ''မမျိုးစစ်... ကချင်... ဖမ်း'' ဟု ပြောပြီးနောက် သတိမေ့၍သွားလေ၏။

ထိုအခါ ကျွန်ုပ်တို့သည် တတ်အားသမျှ သတိရအောင်ပြုလုပ်ကြသဖြင့် ၁၅ မိနစ်ခန့်ကြာမှ သတိရ၍ လာပြန်လေလျှင် ဦးထွန်းတင်လည်း မောင်အောင်ဘော်၏ လက်ကို ကိုင်လျက် ကချင်ရိုင်းတို့သည် ယမန်နေ့ညက ဤထဲသို့လာရောက်၍ တဲကို မီးရှို့ပြီးလျှင် မမျိုးစစ်ကိုမူ လက်ရဖမ်းဆီးခေါ်ငင်သွား၍ ကျေးကျွန်နှင့် မိမိကိုမူ ခုခံသည့်အတွက် အသက်ဆုံးရှုံးအောင် စီရင်၍ သွားကြကြောင်း၊ မောင်အောင်ဘော်မှာ မိမိထင်သည့်အတိုင်း ယောကျာ်းဖြစ်ခဲ့ပါလျှင် မမျိုးစစ်ကို တွေ့အောင်ရှာ၍ ကချင်ရိုင်းများကို လက်စားချေရမည့်အကြောင်းနှင့် စကားတစ်ခွန်းလျှင် သွေးတစ်ပွက်မျှအန်၍ ပြောပြီးနောက် စကားအဆုံးတွင် ဦးထွန်းတင်သည် ကျွန်ုပ်၏ လက်ပေါ်တွင် အသက်ပျောက်၍ သွားလေ၏။

ဦးထွန်းတင်အသက်ကုန်သည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်သည် မောင်အောင်ဘော်၏ မျက်နှာကိုကြည့်လိုက်ရာ မောင်အောင်ဘော်မှာ မိမိ၏ အသည်းနှလုံးကို အပူပြင်းဆုံးသော ငရဲမီးတို့ဖြင့် လောင်ကျွမ်းလျက်ရှိဘိသကဲ့သို့ မျက်စိတို့မှာ ရဲရဲနီလျက် မျက်ရည်တစ်စက်မျှ စီးကျခြင်းမရှိဘဲ တွေဝေစွာရှိနေလေ၏။ ထို့နောက်မှာ မောင်အောင်ဘော်သည် ထိုင်ရာမှ ရုတ်တရက်ထ၍ 'တစ်ရက်တည်း နောက်ကျသွားလိုက်လေတယ် ကိုဆိုးဂေါင်ရယ်'ဟု ပြော၍ တောက်ခေါက်ကာ ထွက်သွားလေ၏။

၎င်းနောက် ကျွန်ုပ်သည် လှေထိုးသမားများကို ခေါ်ငင်၍ အနီးအနားရှိ ချုံများတွင် မွှေနှောက်ကာ ရှာဖွေကြရာ ကျေးကျွန်၏ အလောင်းလည်း တွေ့ရှိ၍ ကျွန်ုပ်တို့သည် သခင်၏ အလောင်းနှင့် ကျွန်၏ အလောင်းကို

mgyoe.com

mgyoe.com


ထိုနေ့တွင်ပင် ဖုတ်ကြည်းသင်္ဂြိုဟ်ခြင်း ပြုလုပ်လေ၏။ ထို့နောက် မောင်အောင်ဘော်သည် ကျွန်ုပ်ကိုခေါ်၍ သူ၏ အကြံအစည်မှာ ဤဆင်စွယ်များကို အောက်မြန်မာပြည်သို့ တင်ပို့ရောင်းချ၍ ကျွန်ုပ်အား သုံးပုံတစ်ပုံမျှသောငွေကို ခွဲဝေ၍ ပေးပြီးလျှင် ကျန်ရှိသော ကြေးငွေနှင့် မမျိုးစစ်ကို မတွေ့လျှင်မနေ၊ ရှာဖွေရင်းပင် အသက်သေလျှင်ပြီးစေတော့ဟူ၍ သန္နိဋ္ဌာန်ချပြီးကြောင်းနှင့် ပြောဆိုလေလျှင် ကျွန်ုပ်မှာ မောင်အောင်ဘော်အား သနားကရုဏာရှိလှသည့်ပြင်၊ မြန်မာလူမျိုးမင်းနွယ်၊ မင်းဆက်တစ်ယောက်အား လူရိုင်းတို့နှိပ်စက်သည်ကိုလည်း မခံချင်သည်ဖြစ်သောကြောင့် ကျွန်ုပ်၏ ဝေစုကိုမယူဘဲ သေလျှင်အတူ၊ ရှင်လျှင်အတူ မောင်အောင်ဘော်နှင့် မခွဲခွာဘဲ လိုက်ပါတော့မည့်အကြောင်းနှင့် ပြောဆိုသောအခါ မောင်အောင်ဘော်မှာ မျက်ရည်များကျလျက် ကျေးဇူးတင်စကား ပြောကြားလေ၏။

ထို့နောက် ကျွန်ုပ်တို့သည် ဆင်စွယ်များကို အောက်မြန်မာပြည်သို့ လှေဖြင့် စုန်ဆင်းရောင်းချရာ ကြေးငွေအမြောက်အမြားပင် ရရှိ၍ အလုပ်သမားများအား ထိုက်သည်အားလျော်စွာ ခွဲဝေပေးကမ်းပြီးနောက် ဦးထွန်းတင်သေဆုံးသည်မှ သုံးလမျှကြာသောအခါတွင် မောင်အောင်ဘော်နှင့် ကျွန်ုပ်တို့သည် နောက်ပါလူ လေးယောက်တို့နှင့်တကွ လက်နက်အပြည့်အစုံကိုင်စွဲလျက် ရွှေလီမြစ်ကမ်းတစ်လျှောက်တွင် ကချင်တို့၏ သတင်းကိုမေးမြန်းလျက် ဆန်တက် ရှာဖွေကြလေ၏။

(ဦးထွန်းတင် သေသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့သည် ကချင်များ၏ နောက်သို့ ထက်ကြပ်မလိုက်မပါ မရှာဖွေနိုင်သည့်အကြောင်းမှာ မောင်အောင်ဘော်၌ ကြေးငွေကုန်ခန်းလျက်ရှိသည့် တစ်ကြောင်း၊ စားရေရိက္ခာများလည်း ကုန်ခန်းလျက်ရှိသည့် တစ်ကြောင်း၊ လှေထိုးသမားများအားလည်း အခကြေးငွေ ရှင်းလင်း၍ပေးရဦးမည် တစ်ကြောင်းကြောင့် ဆင်စွယ်များကို ရောင်းချ၍ ပြီးခါမှ ရှာဖွေရခြင်း ဖြစ်လေသည်။)

ကျွန်ုပ်တို့သည် မြစ်ရိုးတစ်လျှောက် ခြေကျင်လျှောက်၍ လမ်း၌တွေ့ရှိသော ရွာငယ်များတွင် ကချင်များ၏ သတင်းကိုမေးမြန်းရာ လွန်ခဲ့သည့်သုံးလလောက်အခါက ကချင်တစ်စုတို့သည် မြန်မာမကလေးနှင့်တူသော မိန်းကလေးတစ်ယောက်ကို ခေါ်ငင်၍ သွားသည်ကို မြင်လိုက်ကြရကြောင်း

mgyoe.com

mgyoe.com


များနှင့် ပြောဆိုကြသဖြင့် ၎င်းတို့သွားရာ လမ်းခရီးကို ရွာတွေ့တိုင်း မေးမြန်းလျက် ဆက်လက်၍ ခရီးသွားကြလေ၏။ ထိုကဲ့သို့ ဆက်လက်၍ သွားကြသဖြင့် ရံဖန်ရံခါသတင်းရလျက် ရံဖန်ရံခါသတင်းမရဘဲရှိသဖြင့် သတင်းမကြားသည့်အခါတိုင်း သတင်းကြားရာ ရွာသို့ပြန်တုံပြီးလျှင် မနား မနေရှာဖွေလျက် ရှိကြရာ။ သုံးလကျော်မျှလောက် အချိန်ကုန်လွန်ခဲ့လေလျှင် ကျွန်ုပ်တို့မှာ ဘေးဥပါဒ်အန္တရာယ်အမျိုးမျိုး၊ ဒုက္ခဆင်းရဲအမျိုးမျိုးတို့နှင့် တွေ့ကြုံခဲ့ကြရလေ၏။ မောင်အောင်ဘော်မှာ ထိုအတောအတွင်း စကား များစွာမပြောဘဲ စခန်းချရာ အရပ်တိုင်းတို့၌ မီးဖို၏အနီးတွင် ထိုင်ကာ ဆေးတံကိုဖွာလျက် စိတ်ပျက်သည့် အမူအရာ အနည်းငယ်မျှမပြဘဲ မတွေ့ လျှင် မနေ၊ သေလျှင်လည်း ပြီးစေတော့ဟူသော အမူအရာဖြင့် အလွန် တရာ တင်းမာကြံ့ခိုင်သော စိတ်နှလုံးရှိကြောင်း ထင်ရှားစေသည်ဖြစ်ရာ ၎င်းနှင့်လိုက်ပါရသူ ကျွန်ုပ်တို့မှာလည်း သူ၏ မျက်နှာကို ကြည့်ကာမျှနှင့် အားတင်းသော အဖြစ်သို့ရောက်ကြရလေ၏။ ရံဖန်ရံခါ ကျွန်ုပ်တို့နှင့် လိုက်ပါ သူ လေးဦးတို့လည်း ပြန်လိုကြကြောင်းနှင့် ပြောသောအခါ မောင်အောင် ဘော်သည် ကြေးငွေဖြင့် ချော့မော့၍လည်းကောင်း၊ သေနတ်ဖြင့် ခြိမ်းခြောက် ၍လည်းကောင်း၊ မိမိ၏ဆန္ဒသို့ပါအောင် ဆွဲငင်တတ်သည် ဖြစ်သောကြောင့် ထိုသူတို့လည်း မောင်အောင်ဘော်အား ချစ်လည်းချစ်၊ ကြောက်လည်း ကြောက်ကြသည်ဖြစ်သောကြောင့် သေအတူ၊ ရှင်အတူဟူ၍ သဘောထား သည့် လက္ခဏာဖြင့် လိုက်ပါရှာကြလေ၏။

ကျွန်ုပ်တို့မှာ အလွန်တရာ ချမ်းအေးလှသဖြင့် ဆီးနှင်းများ ဖုံးအုပ် လျက်ရှိသော တောင်များကို ကျော်လွန်၍လည်းကောင်း၊ အလွန်တစ်ရာ ရေစီးသန်လှသော ချောင်းများကို လက်ပစ်ဖြတ်ကူး၍လည်းကောင်း၊ တော တိရစ္ဆာန်တို့ ထူထပ်ပေါများလှသော တောကြီးများကို ဖြတ်၍လည်းကောင်း၊ ကိုးလကျော်၊ ၁၀ လခန့်မျှ သွားလာရှာဖွေမိလေလျှင် ၎င်းနယ်တစ်လျှောက် အတွင်း ကျွန်ုပ်တို့သည် ခြေရာချင်းထပ်မိလုဘနန်း ရှိသည်ဖြစ်ရာ ကျွန်ုပ် တို့၏ အစာမှာမူ တောကောင်တို့၏ အသားနှင့် သစ်ဥ၊ သစ်ဖုတို့မျှသာလျှင် ဖြစ်ပေ၏။

ယင်းကဲ့သို့ တစ်နှစ်နီးပါးမျှ သွားလာမိကြလေလျှင် လူအားလုံးတို့မှာ

mgyoe.com

mgyoe.com


အစာကောင်းစွာ မစားရသည်လည်း တစ်ကြောင်း၊ ခရီးပန်းလှသည်လည်း တစ်ကြောင်း၊ ဥတုဖောက်ပြန်သည်လည်း တစ်ကြောင်းကြောင့်၊ ဖျော့တော့နွမ်းနယ်လျက် အသားအရေမှလည်း ပိန်ချုံးကြုံလှီသော အဖြစ်သို့ ရောက်ကြလေရာ မောင်အောင်ဘော် တစ်ယောက်သာလျှင် အသားပင်လျော့သော်လည်း အားလျော့ဟန် လက္ခဏာမရှိဘဲ သွားရာ၌ အဘယ်အခါမဆို ရှေ့ဆုံးမှ သွားလျက် နားသည်အခါ၌လည်း နောက်ဆုံးမှနားသည့်အပြင် နံနက်အခါ၌လည်း ပထမဆုံးထ၍ ညဉ့်အိပ်သည့်အခါ၌လည်း နောက်ဆုံးမှ အိပ်စမြဲ ဖြစ်လေ၏။

တစ်နှစ်ခန့်မျှ မွေ့နှောက်ရှာဖွေမိလေလျှင် ကျွန်ုပ်တို့သည် မမျိုးစစ်၏ အကြောင်းကို သတင်းသန့်သန့်ကြားရလေရာ သူငယ်မမှာ ကချင်လူရိုင်းတို့ ဖမ်းဆီးပြီးနောက် လူရိုင်းဘုရင်တစ်ယောက်၏ လက်သို့ လက်ဆောင်ပဏ္ဏာအဖြစ်နှင့် ဆက်သလိုက်ကြောင်းကို ကြားကြရလေ၏။ ထိုအခါ ကျွန်ုပ်တို့သည် ၎င်းဘုရင်ရှိရာ နယ်ပယ်သို့ သတင်းမေးမြန်း၍ လိုက်သွားကြပြန်လေရာ ၁၀ ရက်ခန့်မျှအတွင်းတွင် သစ်ခက်၊ သစ်ကိုင်းများကို မိုးကာလျက် ရွာကြီးသဖွယ် တဲငယ်အမြောက်အမြား ဆောက်လုပ်ထားရှိသော ရပ်ကွက်တစ်ခုသို့ ဆိုက်ရောက်ကြလေ၏။

လူရိုင်းတို့လည်း တဲအုံများအတွင်းမှ ထွက်လာကြ၍ အံ့သြသော မျက်နှာထားဖြင့် ကျွန်ုပ်တို့အား ကြည့်ရှုလျက်ရှိရာ ကျွန်ုပ်တို့လည်း လက်ဆောင်အချို့ကို ပေးကမ်းခြင်းအားဖြင့် အသိအကျွမ်းပြုလုပ်ကြရလေ၏။ ၎င်းနောက် ကျွန်ုပ်တို့သည် အကြီးအမှူးဖြစ်သူနှင့် တွေ့လိုကြောင်းကို လက်ခြေပြကာဖြင့် ပြောဆိုရလေရာ လူရိုင်းတို့လည်း နားလည်သည့် လက္ခဏာဖြင့် အလွန်တရာ ကြီးမားလှသော တဲကြီးတစ်ခုသို့ ခေါ်သွားပြီးလျှင် တဲပေါက်မှ အလျားမှောက်ကာ ဝင်တွားလျက် ကျွန်ုပ်တို့အား တဲတွင်းသို့ တွန်း၍ပို့လိုက်လေ၏။

ထိုအခါ ကျွန်ုပ်တို့မှာ သေနတ်ကို ကိုယ်စီထမ်းလျက် ရန်သူဖြစ်မည်မသိ၊ မိတ်ဆွေတွေ့မည်မသိဘဲလျက် မောင်အောင်ဘော်သည် ရှေ့ဆုံးမှ ရဲရင့်စွာ ဝင်သွားလေရာ ကျွန်ုပ်တို့မှာ နောက်မှလိုက်ပါသွားရလေ၏။ တဲတွင်းသို့ရောက်လျှင် ရိုင်းပင်ရိုင်းသော်လည်း လွန်စွာခံ့ညားသော သူတစ်

mgyoe.com

mgyoe.com


ယောက်သည် မြင့်သော စင်တစ်ခုပေါ်၌ ထိုင်လျက် အနီး၌ကား လူရိုင်း အများတို့သည် ပြားပြားဝပ်လျက်ရှိရာ အများသောသူတို့သည် ကျွန်ုပ်တို့ ကိုမြင်သောအခါ အံ့အားသင့်လျက်ရှိကြလေရာ စင်ပေါ်မှာထိုင်လျက်ရှိသော သူတစ်ယောက်သာလျှင် ဣန္ဒြေမပျက်ရှိနေလေ၏။

ထိုအခါ ကျွန်ုပ်တို့သည် ပါသမျှ လက်ဆောင်များအနက် တစ်ဝက် မျှကို မိတ်ဆွေဖြစ်အောင် ပေးကမ်း၍ အာလာပသလ္လာပစကား ပြောဆို ပြီးလျှင် အကြီးအမှူးလုပ်သူလည်း ကျွန်ုပ်တို့အား သူ၏ နံဘေး၌ နေရာ ထိုင်ခင်းပေးသဖြင့် ထိုင်ကြပြီးနောက် ကျွန်ုပ်တို့ တွေ့လိုသော လူကို မမြင်သေးသည်နှင့် လာရောက်သည့်ကိစ္စကို ပြောဆိုပြီးမှ အကယ်၍ တွေ့ရှိ ခဲ့ပါမူ အလိုရှိသမျှ ကြေးငွေနှင့် ရွေးယူပါမည့်အကြောင်းကို ပြောရလေ၏။ ထိုလူမျိုးမှာ ကချင်လူမျိုးစင်စစ်မဟုတ်သော်လည်း ကချင်စကားကို အနည်း ငယ် နားလည်သည်ဖြစ်ရာ ကျွန်ုပ်ပြောသမျှ စကားကိုစိုက်၍ နားထောင် ပြီးနောက် ဘုရင်နှင့်တူသူက သူ့၌ မိန်းမများစွာရှိကြောင်း၊ ၎င်းအနက် တစ်ယောက်သော သူငယ်မမှာ လွန်ခဲ့သည့် ကိုးလလောက်အခါက ကချင် များထံမှ ဝယ်ယူလိုက်ကြောင်း အကယ်၍ ၎င်းက သဘောတူညီခဲ့ပါလျှင် ဝယ်သည့်အဖိုးထက် တစ်ပိုးမျှနှင့် ရွေးယူနိုင်ကြောင်းများနှင့် ပြောဆိုလေ၏။

၎င်းနောက် ကျွန်ုပ်တို့က မိမိတို့ရှာဖွေသော သူငယ်မ ဟုတ်၊ မဟုတ် ကို သိလိုလှပြီဖြစ်၍ မြင်လိုပါကြောင်းနှင့် ပြောဆိုလျှင် လူရိုင်းဘုရင်လည်း ကျေးကျွန်တစ်ယောက်ကို စေလွှတ်လိုက်ရာ တစ်ခဏမျှကြာလေလျှင် မိန်းမ တစ်ယောက်သည် သင်တိုင်းကိုဝတ်လျက် တဲတွင်းသို့ ဝင်လာ၍ လူရိုင်း ဘုရင်၏ အနီးတွင် ရပ်လျက်ရှိလေ၏။ ထိုအခါ လူရိုင်းဘုရင်က မိန်းကလေး အား တွေ့လိုကြသဖြင့် လူတစ်စုတို့ လာရောက်ကြကြောင်းကိုပြော၍ ကျွန်ုပ် တို့အား ပြလေလျှင် မိန်းကလေးသည် ကျွန်ုပ်တို့ရှိရာသို့ မလှည့်လို၊ လှည့်လို နှင့် လှည့်ကြည့်လိုက်ရာ မျက်နှာတို့မှာ ပရဲတို့ဖြင့် မဲလျက်လည်းကောင်း။ ဆံပင်တို့မှာ လည်ကုပ်မှ မလွန်ရအောင် တိတိဖြတ်လျက်လည်းကောင်း။ ကိုယ်မှာလည်း ပေါ့ပေါ့ပါးပါးမဟုတ်သည့် သဏ္ဌာန်ဖြင့်လည်းကောင်း ရှိသည်ဖြစ်သောကြောင့် ကျွန်ုပ်နှင့် မောင်အောင်ဘော်တို့မှာ မမျိုးစစ် အမှန် ဖြစ်သည်၊ မဖြစ်သည်ကို မည်သည့်အင်္ဂါ အစိတ်အပိုင်းကိုမျှ မမှတ်မိနိုင်

mgyoe.com

အောင် ရှိနေကြလေ၏။ သူငယ်မလည်း ကျွန်ုပ်တို့ကို သိရှိ မှတ်မိသည့် အမူအရာတစ်စုံတစ်ရာမျှ မရှိဘဲ ကျွန်ုပ်တို့အား တစ်ချက်မျှ လှမ်း၍ကြည့် ပြီးနောက် ဘုရင်ဘက်သို့ လှည့်လိုက်ပြန်ရာ မောင်အောင်ဘော်မှာ မျက်စိ တို့သည် ပေါက်ကွဲ၍ ထွက်မည်ကဲ့သို့ ပြူးလျက် နဖူး၌လည်း ဆောင်း ဥတုဖြစ်ပါလျက် ချွေးဒီးဒီးကျလျက် ရှိလေ၏။

၄င်းနောက် မောင်အောင်ဘော်သည် မမျိုးစစ် ဟုတ်၊ မဟုတ်ကို အမှန်သိလိုလှပြီဖြစ်သောကြောင့် ရပ်တည်၍နေခြင်းငှာ မတတ်နိုင်ဘဲ 'ဟုတ်လေသလား ကိုဆိုးဂေါင်ရယ်'ဟု ပြော၍ ထိုင်ရာမှထပြီးလျှင် 'မမျိုးစစ်'ဟု ဟစ်၍ခေါ်လိုက်ရာ သူငယ်မသည် ထိတ်လန့်ဘိသကဲ့သို့ ဖျတ်ခနဲ လန့်၍သွားသော်လည်း လှည့်၍မကြည့်ဘဲ ရှိနေလေ၏။ ထိုအခါ မောင်အောင်ဘော်လည်း ဘုရင်စိတ်ဆိုးမည်ကို သတိမရနိုင်ဘဲ သူငယ်မ၏ အနီးသို့ ရဲရင့်စွာသွားရောက်၍ မျက်နှာကို သေချာစွာကြည့်ရှုရာ သူငယ်မ သည်တွေ့ဖူး၊ မြင်ဖူးဟန်မရှိသော မျက်နှာထားမျိုးနှင့် မောင်အောင်ဘော် အား ကြည့်ရှုလျက် ရှိလေ၏။

၄င်းနောက် မောင်အော်ဘော်သည် ခေါင်းဖျောက်ကာ ပြန်လာ၍ 'ဟုတ်မယ်မထင်ပါဘူး ကိုဆိုးဂေါင်ရယ်၊ သို့သော် မြန်မာတော့ မြန်မာပဲ ဗျို့၊ ဟုတ်ဟုတ်၊ မဟုတ်ဟုတ်ရွေးလို့ရလျှင် ရွေးသွားမယ်ဗျာ။ နောက်ပြီး တော့မှ သူ့နေရပ်မေးပြီး ပြန်ပို့လိုက်တာပေါ့ ကုသိုလ်ပေါ့ဗျာ'ဟု ပြော၍ လူရိုင်းဘုရင်အား မည်ရွေ့မည်မျှနှင့် ရွေးရမည့်အကြောင်းကို မေးမြန်းကြရာ လူရိုင်းဘုရင်လည်း သူငယ်မအား အကျိုးအကြောင်းပြန်ပြောရာ သူငယ်မ သည် ဘုရင်၏ ခြေကိုဖက်လျက် ကျွန်ုပ်တို့လက်သို့ မထည့်လိုက်ပါမည် အကြောင်းနှင့် တောင်းပန်လေ၏။

ထိုအခါ ကျွန်ုပ်တို့လည်း မလိုက်လိုသည်ကို အတင်းမဝယ်ယူလို ကြောင်းပြော၍ ကျွန်ုပ်တို့အား တည်းခိုရန်ပေးထားသော တဲကုပ်သို့ပြန်လာ ကြရာ မောင်အောင်ဘော်မှာ ထိုညဉ့်၌ ညစာ အလျှင်းမစားဘဲ အိပ်ရာ သို့ ဝင်၍အိပ်လေ၏။ မောင်အောင်ဘော်မှာ မမျိုးစစ်ကို ရှာဖွေရန် ထွက်လာ ကြသည်မှစ၍ မည်သည့်ညဉ့်၌မျှ ကောင်းစွာ အိပ်မပျော်ဘဲရှိခဲ့ရာ ထိုည

mgyoe.com

၌မူ အားလျော့လိုက်သည့် လက္ခဏာနှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက်ရှိလေ၏။ ကျွန်ုပ်မှာမူ လူရိုင်းဘုရင်ခေါ်၍ပြသော သူငယ်မသည် မြန်မာမကလေးပင်ဖြစ်လေသလော။ အကယ်၍ မြန်မာလူမျိုးဖြစ်ခဲ့ပါလျှင် မည်သည့်မြို့၊ မည်သည့်ဒေသမှ မည်သူ၏ သမီးဖြစ်ရာလေဘိသနည်း။ သူ၏အမိအဖများသည် သိမှသိရာကြပါမည်လောစသည်ဖြင့် စဉ်းစားစိတ်ကူးလျက်ရှိသည် ဖြစ်၍ သန်းခေါင်ကျော်ခန့်ကြာအောင် ကောင်းစွာအိပ်မပျော်ဘဲရှိနေလေ သည်။ မောင်အောင်ဘော်နှင့် ကျွန်ုပ်တို့နှစ်ဦးကြားမှရှိသော မီးဖို၏မီးရောင်တွင် ယခင်က သူငယ်မသည် တဲတွင်းသို့ ခြေဖျားထောက်လျက်ဝင်လာသည်ကို တွေ့မြင်ရလေ၏။ ထိုအခါ ကျွန်ုပ်သည် မည်သည့်အကြံအစည်နှင့်ဝင်လာသည်ကို သိလိုသည်နှင့် အိပ်ချင်ပြု၍ မျက်စိကို မဖွင့်တဖွင့်ထား၍ သူငယ်မ၏ အမူအရာကို ကြည့်ရှုလျက်ရှိရာ သူငယ်မသည် ကျွန်ုပ်၏ မျက်နှာကို တစ်ချက်မျှ လှမ်း၍ကြည့်ပြီးနောက် မောင်အောင်ဘော်၏အနီး၌ ဒူးထောက်ကာထိုင်ပြီးလျှင် မောင်အောင်ဘော်၏ ဦးခေါင်းကို ဖြည်းညင်းစွာ ကိုင်လျက် မျက်နှာကို သေချာစွာကြည့်ရှုရင်း မျက်ရည်တို့သည် အသွယ်အသွယ် ယိုစီးလျက်ရှိရာ ကျွန်ုပ်မှာ အံ့သြခြင်းမက၊ အံ့သြလှလျက် အိပ်ရာမှ စိုက်ငေးကာ ကြည့်နေစဉ်တွင် သူငယ်မသည် မောင်အောင်ဘော်၏ နဖူးကိုတစ်ကြိမ်မျှ နမ်းရှုပ်ပြီးနောက် လာရောက်စဉ်ကကဲ့သို့ ဖြည်းညင်းစွာ တဲပြင်သို့ ထွက်သွားလေ၏။

ကျွန်ုပ်မှာ ထိုညဥ့်၌ တစ်ညဥ့်ပတ်လုံး အိပ်မပျော်နိုင်ဘဲ မမျိုးစစ်၏အကြောင်းကို စဉ်းစားစိတ်ကူးလျက်ရှိရာ နံနက်လင်းသည်နှင့် တစ်ပြိုင်နက်ကချင်ရိုင်းတစ်ယောက်သည် ကျွန်ုပ်တို့၏ တဲသို့ပြေးလာ၍ မြန်မာမကလေးသည် မိမိကိုယ်ကို မိမိဓားနှင့်ထိုးသတ်၍ ညကသေပြီဖြစ်ကြောင်းနှင့် ပြောဆိုသဖြင့် မောင်အောင်ဘော်လည်း အိပ်ရာမှ နိုးလေ၏။ ထိုအခါ ကျွန်ုပ်မှာညအခါက ကျွန်ုပ်မြင်ရသမျှအကြောင်းကို ရုတ်တရက် ပြောလိုက်မိရာမောင်အောင်ဘော်လည်း 'ကျွန်တော်တို့နဲ့တွေ့ရတာ ရှက်ရှာလွန်းလို့ပဲကိုဆိုးဂေါင်ရေ့'ဟု ပြောပြီးလျှင် တဲပြင်သို့ထွက်သွားရာ တစ်ခဏမျှကြာလျှင် သေနတ်သံကြားသည်နှင့် သွားရောက်ကြည့်ရှုသည်တွင် မောင်

mgyoe.com

mgyoe.com

အောင်ဘော်သည် သေနတ်ကိုကိုင်လျက် ဦးခေါင်းတွင် သေနတ်ဒဏ်ရာနှင့် သေဆုံးလျက်ရှိသည်ကို တွေ့မြင်ရလေ၏။

အထက်ပါအကြောင်းအရာများကိုပြောဆို၍ ပြီးလျှင် ဦးဆိုးဂေါင်လည်း ဆေးလိပ်ကို မီးညှိ၍ ပရိသတ်တို့၏ ထင်မြင်ချက်ကို စောင့်ဆိုင်းလျက်ရှိရာ ပရိသတ်တို့မှာလည်း မောင်အောင်ဘော်နှင့် မမျိုးစစ်တို့၏ အဖြစ်ကို သနားကရုဏာပွားလျက်ရှိသည် ဖြစ်သောကြောင့် မူလရည်ရွယ်ရင်း အကြောင်းအရာ မေ့လျော့လျက် အတန်ကြာနေပြီးမှ သတိရ၍ တစ်ယောက်သော မိန်းမက 'သေထိုက်ပါပေတယ်ရှင်။ သည်လောက်အဖြစ်ရောက်နေပြီးလို့မှ ကိုယ့်ရည်းစားနဲ့ ပြန်ပြီးတွေ့ရဦးမယ်ဆိုတော့ နေစရာမကောင်းပါဘူးရှင်'ဟု ပြောသောအခါ အားလုံးသော ပရိသတ်တို့လည်း ထင်မြင်ချက်အမျိုးမျိုး ပေးလျက်ရှိစဉ် ဦးဆိုးဂေါင်လည်း မဏ္ဍပ်ပြင်သို့ ထွက်၍ နေအိမ်သို့ ပြန်သွားလေ၏။

သူရိယမဂ္ဂဇင်း၊ မတ်၊ ၁၉၂၅

❑

mgyoe.com

mgyoe.com

# အငိုလွယ် အရှိုက်ခက်

လွန်ခဲ့သော ပြာသိုလကွယ်နေ့ညက ကြည့်မြင်တိုင် ရှောလမ်း အိမ်နံပါတ် ၂၃ ၌ ဖြစ်ပျက်ခဲ့သည့် အခြင်းအရာများမှာ စက္ကူပေါ်တွင် စာဖြင့် ရေးသား၍ ပြန်လည်ဖတ်ရှုလိုက်သောအခါတွင် လွန်မင်းစွာ ထူးဆန်းလှသည်ဖြစ်သော ကြောင့် ယုံကြည်စရာမရှိသည် မှန်သော်လည်း ထိုညဥ့် ထိုနေရာ၌ ကိုယ်တိုင် ကြုံတွေ့ခဲ့ရသော ကျွန်တော်နှင့် အခြားမိတ်ဆွေ လေးဦးတို့ကမူ ထိုအဖြစ် အပျက်များကို တစ်သက်ပတ်လုံး မေ့နိုင်ဖွယ်ရာမရှိဖြစ်ချေတော့သည်။ ကျွန်တော်သည် ထိုညဥ့်က အဖြစ်အပျက်များကို စာဖြင့် ရေးသားပြီးနောက် ကျွန်တော်နှင့်အတူ ကိုယ်တွေ့ကြုံခဲ့ရသည့် အခြား မိတ်ဆွေလေးဦးတို့အား ပြသပြီးမှ ၄င်းတို့ထံမှ ထိုအတိုင်းပင် ဟုတ်မှန်ကြောင်းကို ထောက်ခံချက် ရပြီးသောအခါမှ လူအများကိုသိရှိစေရန် မဂ္ဂဇင်းတိုက်သို့ ပေးပို့ခြင်း ဖြစ်ချေ သည်။

ပထမပုဂ္ဂိုလ်မှာကား ကုန်ဈေးတန်း အောင်မြန်မာကုမ္ပဏီတိုက်ရှင် ဦးကျော်ညွန့်ဖြစ်၏။ ထိုသူသည် ကုန်သည်ကြီးတစ်ဦးပင် ဖြစ်သော်လည်း အင်း၊ အိုင်၊ မန္တရားမှစ၍ လျှို့ဝှက်နက်နဲသော အတတ်ပညာများ၌ ဝါသနာ ထုံခဲ့သူ တစ်ယောက်ဖြစ်လေသည်။ ထိုသူသည် ပထမ၌ ၄င်းအတတ်မျိုး

mgyoe.com

mgyoe.com

တွင် အပျင်းပြေရုံ စမ်းလိုသောသဘောနှင့် စတင် လေ့ကျင့်ခဲ့ရာမှ နောက်ဆုံး၌ လုံးဝ ယုံကြည်သူတစ်ယောက်အဖြစ်သို့ ပြောင်းလဲခဲ့ပြီးလျှင် လွန်မင်းစွာ စိတ်အားထက်သန်သူတစ်ယောက် ဖြစ်လာလေ၏။

ဒုတိယပုဂ္ဂိုလ်မှာ ပန်းချီဆရာ ဦးဘဉာဏ်ကဲ့သို့ ဘိလပ်သို့ အစိုးရ စရိတ်ဖြင့် မဟုတ်ဘဲ မိမိစရိတ်နှင့် သွားရောက်သင်ကြားခဲ့ဖူးသူ ပန်းချီ ဆရာ ဦးသောင်းတင် ဖြစ်လေသည်။ ထိုသူသည် နက်နဲသော ပညာရပ်များ ၌ လေ့လာလိုက်စားလိုသော ဆန္ဒရှိ၍ ဆင်ခြင်တိုင်းထွာခြင်းတည်းဟူသော အရာ၌သာ အထူးသဖြင့် ဉာဏ်ထက်သော လူတစ်ယောက်ဖြစ်လေရာ ဦးကျော်ညွန့်ကဲ့သို့ အရမ်းမဲ့ ယုံကြည်ခြင်းမရှိဘဲ မိမိကိုယ်တိုင် စမ်းသပ် စစ်ဆေးပြီးသည်နောက်၊ ယုံသင့်သလောက်သာလျှင် ယုံကြည်တတ်သူတစ် ယောက် ဖြစ်ချေသည်။ ဦးကျော်ညွန့်သည် ဦးသောင်းတင်က အယုံအကြည် နည်းခြင်းကို မကြာခဏပြစ်တင်ပြောဆို၍ ဦးသောင်းတင်ကမူ ဦးကျော်ညွန့် ၏ ရှေ့လောကြီးခြင်းသဘောကို ပြက်ရယ်လှောင်ပြောင်ခြင်း ပြုတတ်လေ သည်။

တတိယပုဂ္ဂိုလ်ဖြစ်သော ကျွန်တော့်မှာ ထိုသို့သော အတတ်ပညာမျိုး ၌ ယုံကြည်သည်လည်း မဟုတ်၊ မယုံကြည်သည်လည်း မဟုတ်။ အသစ် အဆန်းဖြစ်သောကြောင့် အပျင်းပြေသဘောနှင့် ပါဝင်ခဲ့ခြင်း ဖြစ်ချေသည်။ ကျွန်တော့်မှာ ဤအတတ်မျိုး၌ ကိုယ်တိုင် စိတ်အားထက်သန်ခြင်းမရှိငြား သော်လည်း စိတ်အားထက်သန်သော လူများနှင့်ပူးပေါင်း၍ ၎င်းတို့စမ်းသပ် ခြင်းများ၌ ပါဝင်ရခြင်းကိုပင်လျှင် နှစ်သက်လှ၏။

အထက်ပါ ပုဂ္ဂိုလ်နှစ်ယောက်တို့နှင့် ကျွန်တော်သည် ပန်းချီဆရာ ဦးသောင်းတင်၏ နေအိမ်အတွင်း တစ်နေ့သ၌ တွေ့ဆုံမိကြ၍ မှော်အတတ် ၏ အကြောင်းများကို ဆွေးနွေးမိကြရာတွင် အနောက်နိုင်ငံများ၌ ယခုအခါ ဤပညာရှိကြီးများ လေ့လာစုံစမ်းလျက်ရှိသော 'ဆိုက်ချစ်'ခေါ် ဝိညာဉ် သွင်းသော အတတ်အကြောင်းကို စကားစပ်မိ၍ ကိုယ်တိုင်စမ်းသပ်ကြရန် စာအုပ်ကြီးများမှာထား ဝယ်ယူကြ၏။ ၎င်းစာအုပ်များကို ဖတ်ရှုကြပြီးနောက် ဖော်ပြပါရှိသောနည်းအရ ဝိညာဉ်သွင်းခြင်း သို့မဟုတ် ပူးခြင်းခံနိုင်သော မိန်းမတစ်ယောက်ကို ရှာဖွေကြ၏။ မိန်းမတိုင်းသည် ပူးခြင်းခံနိုင်သည်

mgyoe.com

mgyoe.com


မဟုတ်ချေ။ ဦးကျော်ညွန့်၏နှမ ကျောင်းဆရာကတော် မနှင်းစိန်ဆိုသူမှာ ငယ်စဉ်အခါက နတ်ပူးဖူးသောကြောင့် နတ်လှန်ဆေးများ ထိုးထားရဖူးသည်ဟု ကြားရဖူးသဖြင့် ကျွန်တော်က ၄င်းမိန်းမကို စမ်းသပ်ကြည့်ဖို့ ကောင်းကြောင်းနှင့် အကြံပေး၏။ ဦးကျော်ညွန့်သည် ၄င်း၏ ယောက်ဖ ကျောင်းဆရာအား ထိုအကြောင်းကိုပြောပြ၍ နှမ မနှင်းစိန်ကို ဝိညာဉ်ပူး ခံစေရန် စမ်းသပ်ကြည့်ဖို့ ကောင်း၏။ ပထမ၌ ကျောင်းဆရာသည် သဘော မတူသော်လည်း ယောက်ဖကို အားနာသည်ဖြစ်သောကြောင့် ခွင့်ပြုရ၏။ သို့ဖြစ်သောကြောင့် ထိုမိန်းမသည် စတုတ္ထပုဂ္ဂိုလ် ဖြစ်လာ၏။

ကျွန်တော်တို့သည် တနင်္ဂနွေနေ့ ညနေတိုင်း ပန်းချီဆရာ ဦးသောင်း တင်၏ နေအိမ်၌ တွေ့ဆုံကြ၍ နေဝင်ပြီးသည်နောက် အတန်ငယ်ကြာသော အခါတွင် အခန်းတွင်းသို့ဝင်ကြ၍ မီးအိမ်ကို မှိန်ထားပြီးလျှင် စာအုပ်တွင် ပါရှိသော နည်းများအတိုင်း စမ်းသပ်ကြည့်ရှုကြ၏။ ရံဖန်ရံခါ၌လည်း ပြောပလောက်အောင် မရှိလှချေ။

လွန်ခဲ့သော ပြာသိုလကွယ်နေ့ညသည်ကား ဝိညာဉ်ပူးခြင်းပညာနှင့် စပ်လျဉ်း၍ လေ့လာစုံစမ်းရန် ချိန်းဆိုထားသော ညဖြစ်လေရာ ကျောင်းဆရာ ကတော် မနှင်းစိန်သည် ခပ်စောစောကပင် ရောက်ရှိနေ၍ ဦးသောင်းတင် လင်မယားနှင့် စကားပြောဆိုလျက်ရှိနေနှင့်၏။ ကျွန်တော့်မှာမူ ညနေ ၆ နာရီအချိန်ခန့်တွင် ဆိုက်ရောက်၍ ဦးကျော်ညွန့် မရောက်သေးသည်နှင့် အိမ်ရှေ့ဝရန်တာ၌ စုရုံး၍ထိုင်ကာ ရှိနေကြ၏။

မနှင်းစိန်နှင့် ဦးသောင်းတင်၏ မိန်းမဒေါ်လှရင်တို့သည် ဦးသောင်း တင်ရေးထားခဲ့သော ပန်းချီကားတစ်ကားကို ကြည့်ရှုချီးမွမ်းလျက်ရှိကြရာ ကျွန်တော်သည် ထိုအရုပ်ကိုကြည့်ရှုသော်လည်း မည်သည့်သတ္တဝါဖြစ်သည် ကို ရုတ်တရက်တွေးတော၍ မရသည်နှင့်။

(ကျွန်တော်) ဒီသတ္တဝါက ဘာသတ္တဝါမျိုးလဲဗျ။ တိရစ္ဆာန်ရုံထဲမှာ လည်း မမြင်ဖူးပါကလား။

(တင်) ဘယ်ကတိရစ္ဆာန်ရုံထဲမှာ ရှိမလဲဗျာ။ တိုးနယားဆိုတာ ဒီ အကောင်ပေါ့။

(ကျွန်တော်) သြော်… ဟုတ်တယ်ဗျို့ တရုတ်ပွဲများမှာ မြင်ဖူးတယ်။

mgyoe.com

mgyoe.com

ကျုပ် အခုစဉ်းစားမိတယ်။ ဒီအကောင်မျိုးဟာ တကယ်ရှိတာ ဟုတ်မယ် မထင်ပါဘူးနော်။

(တင်) ဘယ်ကရှိမလဲဗျာ၊ တရုတ်သူဌေးတစ်ဦးကမှာလေတော့ ရေးပေးရတာ။ ကျုပ်မှာ စိတ်ကူးရခက်လိုက်တာဗျာ တစ်နေ့နဲ့ တစ်ညလုံး စိတ်ကူးကိုမပေါ်နိုင်ဘူး။ ဟော… ဟိုက ဦးကျော်ညွှန့်တို့လာပြီ ဧည့်သည် တစ်ယောက်လည်း ပါလာတယ်ဗျို့ဟု ပြော၍ တိုးနယားရုပ်ကားကို နောက် ပြန်လှည့်ထားလိုက်၏။

ထိုအခါ ကျွန်တော်တို့သည် ပညာစမ်းရန်နေ့တွင်မှ ဧည့်သည်ခေါ်လာ ရချေမည်လောဟု ဦးကျော်ညွှန့်အား စိတ်ထဲမှ အပြစ်တင်လျက်ရှိကြစဉ် ဦးကျော်ညွှန့်က ကျွန်တော်တို့၏ မျက်နှာကဲကို ရိပ်မိသည်နှင့် 'ဒီက မိတ်ဆွေ က လူပိုမဟုတ်ပါဘူး ဦးသောင်းတင်ရဲ့ ကျွန်တော့်လိုပညာအကြောင်းကို အတော်ခေါက်မိတဲ့ ရှမ်းလူမျိုး ဦးပေါစံပဲ၊ ကျွန်တော်နဲ့ အခန့်သင့်တွေ့ လို့ အကျိုးအကြောင်းကို စကားစပ်ပြောပြတော့ သူလည်း လိုက်ပါရစေဆို လို့ ခေါ်ခဲ့ရပါတယ်။ သူပြောပုံတော့ ကျုပ်တို့ကို တော်တော်ကူညီနိုင်ပုံရ တယ်။ ဘယ်လိုပင်ဖြစ်စေ၊ ဝါသနာတူချင်းမို့လို့ ခေါ်ခဲ့တာပဲလေ။ အကျိုး မယုတ်နိုင်ပါဘူး'ဟု ပြောလေ၏။ ထိုအခါ ဦးသောင်းတင်နှင့် ကျွန်တော် တို့သည် ဆန့်ကျင်ဘက်ပြောရန် အလိုမရှိကြသည်နှင့် ဝမ်းမြောက်ကြောင်း ပြော၍ လက်ခံကြလေ၏။ ၄င်း ဦးပေါစံသည်ကား ပဉ္စမပုဂ္ဂိုလ်ဖြစ်လေ သည်။

မိုးကုတ်မှ ရောက်လာသော ရှမ်းလူမျိုး ဦးပေါစံဆိုသူမှာ ဝဝတုတ် တုတ်၊ နှုတ်ခမ်းမွေးကောင်းကောင်းနှင့် ဘောင်းဘီပွကြီးကို ဝတ်၍လာရာ အသက်မှာ ၅၀ ခန့်မျှရှိခဲ့လေပြီ။ ထိုသူ၏ အမူအရာကိုကြည့်ခြင်းအားဖြင့် အောက်တန်းစား ရှမ်းလူမျိုးမဟုတ် ကျောက်ကုန်သည် အတန်းစားမျိုးမှ ရှမ်းလူကြီးလူကောင်းတစ်ယောက် ဖြစ်ဟန်တူချေသည်။

ကျွန်တော်တို့မှာ ဝိညာဉ်ပူးရန်အတွက် ပြင်ဆင်ထားသော အခန်းသို့ ဝင်ကြမည်ဟု ထိုင်ရာမှ ထလိုက်ကြသောအခါတွင် ဦးသောင်းတင်၏ ဇနီး ဒေါ်လှရင်မှာမူ ကျွန်တော်များ၏ အတတ်စမ်းခြင်းအလုပ်မျိုး၌ ဝါသနာ မပါသည်နှင့် နောက်ဖေးဆောင်သို့ ဝင်သွားလေ၏။

mgyoe.com

mgyoe.com


ကျွန်တော်တို့မှာ အသင့်ပြင်ထားသော အခန်းသို့ဝင်သွားကြ၍ အခန်းထဲ၌ ခင်းထားသော စားပွဲကြီးတွင် ကုလားထိုင်များနှင့် ဝိုင်းဖွဲ့ကာ ထိုင်ကြလေရာ ဦးပေါစံသည် မည်သူက မည်သည့်နေရာ၌ ထိုင်သင့်သည်ဟု နေရာများချထားလေ၏။ ဦးပေါစံကိုယ်တိုင်မှာကား ဝိညာဉ်ပူးခံရမည်ဖြစ်သော မနှင်းစိန် အနီးမှထိုင်၍ မနှင်းစိန်၏ အခြားဘက်၌ကား မောင်ဖြစ်သူ ဦးကျော်ညွန့်က ထိုင်ရ၏။ ကျွန်တော်နှင့် ဦးသောင်းတင်တို့မှာမူ မနှင်းစိန်နှင့် မျက်နှာချင်းဆိုင်ထိုင်ကြရ၏။ ဦးပေါစံသည် အားလုံးသော ပြတင်းပေါက်များကို ပိတ်ထား၍ မီးအိမ်ကို မငြိမ်းရုံကလေးမှုရှိအောင် မှိန်ထားပြီးလျှင် မနှင်းစိန်၏အနီး၌ ထိုင်လေ၏။

ဦးပေါစံက လူတိုင်း စားပွဲပေါ်မှာ လက်တင်ထားပါဟု ပြောသဖြင့် ခိုင်းစေသည့်အတိုင်း စားပွဲပေါ်၌ အသီးအသီးလက်တင်ကြပြီးလျှင် ဆိတ်ငြိမ်စွာ ထိုင်လျက်ရှိကြ၏။ မီးအိမ်မှာ လုံးလုံးမငြိမ်းစေသည်ဖြစ်၍ ကျွန်တော်တို့မှာ တစ်ယောက်ကို တစ်ယောက် ခပ်မှိန်မှိန် မြင်နိုင်ကြ၏။ ယင်းသို့ရှိကြစဉ်–

(စံ) ရှမ်းလူမျိုး အစစ်များမှာတော့ သူတို့ရှမ်းနဲ့ စမ်းသပ်ကြတယ်။ ကျွန်တော်ကတော့ မိတ်ဆွေတို့ကို ဥရောပကနည်းကိုယူပြီး နှစ်ခုပေါင်းကပြားနည်းနဲ့ စမ်းတဲ့အလေ့ရှိတယ်။ ခါတိုင်း စမ်းတဲ့အခါမှာ မနှင်းစိန် လုံးလုံးကြီး သတိလစ်သွားသလား။

(စိန်) လုံးလုံးကြီးတော့ လစ်တယ်လို့ မဆိုနိုင်ဘူး။ သို့သော် အင်မတန် အိပ်ချင်တယ်။

(စံ) အစတော့ ဒီလိုပဲ၊ အိပ်ချင်လာတဲ့အခါမှာ နိုးဖို့ မကြိုးစားနဲ့ အိပ်ပျော်သွားစေဖို့ ကြိုးစားရမယ်။ လုံးလုံးကြီး သတိလစ်သွားတဲ့အခါမှာ ခင်ဗျားဝိညာဉ်အပြင်မှာ တွယ်ပြီး အခြားဝိညာဉ် ခင်ဗျားကိုယ်ထဲကို ဝင်လာမယ် မကြောက်နဲ့ ကိစ္စမရှိဘူး။ ဘာမှ မဖြစ်နိုင်ဘူး။ ဒါထက်နေပါဦး တိုးနယားက ဘယ်ကလာသလဲ။

ထိုအခါ ပန်းချီဆရာ ဦးသောင်းတင်သည် ဖျတ်ခနဲ ဖြစ်သွား၏။ ဦးပေါစံမှာမူ မမှောင်တမှောင်ရှိနေသော အခန်းတွင်း၌ ထိုမှဤမှ ကြည့်ရှုလေ၏။

mgyoe.com

mgyoe.com


(စံ) နေရာတိုင်းမှာ တိုးနယားတွေ မြင်ရတယ်။ တိုးနယားကောင် အကြောင်းကို ဘယ်သူစဉ်းစားထားသလဲ။

(တင်) တယ်ပြီး ထူးဆန်းပါကလား။ ဒီနေ့တစ်နေ့လုံး ကျွန်တော် တိုးနယားရုပ်ရေးနေတာ မှန်တယ်။ သို့သော် ခင်ဗျားဘယ့်နှယ်သိသလဲ။

(စံ) တိုးနယားအကြောင်းကို ဒီအခန်းထဲမှာ ခင်ဗျား စိတ်ကူးထား တယ်မှတ်တယ်။

(တင်) မှန်တယ်၊

(စံ) စိတ်ဝိညာဉ်သည် အလွန်တရာ ဆန်းကြယ်ပါတယ်။ စိတ် ထက်သန်လျှင် မရှိသောအရာကို ရှိစေနိုင်တယ်။ ရှိသောအရာကို ပျောက် စေနိုင်တယ်၊ ခင်ဗျား တိုးနယားကို မျက်လုံးဖြင့်မြင်ရခြင်းမဟုတ်။ ဝိညာဉ် ဖြင့် ကျွန်တော်မြင်နိုင်တယ်။

(တင်) နဂိုကမှ တကယ်မရှိတဲ့ သတ္တဝါကို ကျွန်တော်က စိတ်ကူး ရုံနဲ့ ခင်ဗျားမြင်နိုင်လောက်အောင် ဖြစ်ပေါ်လာတယ်လို့ ဆိုချင်သလား။

(စံ) ဆိုချင်တယ်၊ ဒီအချက်ဟာ အလွန်တရာ အရေးကြီးတယ်။ ထိုအကြောင်းကြောင့် မကောင်းသော စိတ်ကူးသည် တစ်ဦးသောသူ၌ ဘေး အန္တရာယ်ဖြစ်စေနိုင်တယ်။

(ညွှန့်) တိုးနယားကို ခင်ဗျား မြင်ရတယ်ဆိုတာ ဘယ်နည်းနဲ့ မြင် ရပုံလဲ။

(စံ) ကျွန်တော့်စိတ်ထဲမှာ ထင်မြင်ရခြင်း ဖြစ်တယ်။ ကျွန်တော့် စိတ်ထဲမှာ တိုးနယားတွေ တစ်ကောင်မကဘူး။ တစ်ခန်းလုံး တိုးနယား ကောင်တွေ ပြည့်နေတာပဲ။

(ညွှန့်) ကျွန်တော်တို့ပါ မြင်ရအောင် ခင်ဗျားလုပ်နိုင်သလား။

(စံ) အားလုံးမြင်ရအောင် လုပ်ပြဖို့၊ တန်ခိုးလုံလောက်စွာ ရမယ် မရဘူးဆိုတာ ကျွန်တော် မပြောနိုင်ဘူး။ သို့သော် စမ်းကြည့်မယ်။ ယခု လုပ်ရမှာက ကျွန်တော့်စိတ်ဝိညာဉ်မှာ မြင်ရသော အရာကို တကယ်စင်စစ် အကောင်ဖြစ်လာအောင် လုပ်ပြရမှာဖြစ်တယ် မလွယ်ဘူး။ သို့သော် တန်ခိုး လုံလောက်စွာရလျှင် ဖြစ်နိုင်တယ် စမ်းကြည့်မယ်။

ငှင်းနောက် ဦးပေါ်စံသည် ထိုင်ရာမှထ၍ မနှင်းစိန်အား မည်ကဲ့သို့

mgyoe.com

mgyoe.com

ထိုင်ရမည်ဟု သွန်သင်ပြသပြီးလျှင် မီးအိမ်ကို လုံးလုံးငြိမ်းပြီးမှ သူ၏ နေရာ၌ တစ်ဖန်ထိုင်လေ၏။

(ကျွန်တော်) မီးကို လုံးလုံးငြိမ်းခြင်းအတွက် ဘယ်လိုအကျိုးထူးပါ သလဲ။

(စံ) ကျွန်တော်တို့ ယခုဆင့်ခေါ်မည့် တန်ခိုးသည် အလင်းရောင်နှင့် ဆန့်ကျင်ဘက် ဖြစ်တယ်။ အလင်းရောင်ရှိလျှင် တန်ခိုးအစွမ်းကောင်းကောင်း ကြီး မထင်ရှားနိုင်ဘူး။ ဒါကြောင့် မီးကိုငြိမ်းလိုက်ရတယ်။

မီးငြိမ်းခါစ တစ်ခဏ၌ကား အခန်းသည် မှောင်မည်းလျက်ရှိသော ကြောင့် တစ်စုံတစ်ရာမျှ မမြင်နိုင်အောင် ရှိနေသော်လည်း အတန်ငယ် ကျင့်သားရလေသောအခါတွင် ကျွန်တော်တို့မှာ မှောင်ထဲ၌ ငုတ်တုတ်ထိုင် လျက်ရှိကြသော ကျွန်တော်တို့ လူအချင်းချင်းကို မထင်မရှား မြင်နိုင်ချေ၏။ ကျွန်တော်တို့သည် ယခင်အခါများက ကြိမ်ဖန်များစွာ စမ်းသပ်ခဲ့ကြဖူး သော်လည်း ထိုညကကဲ့သို့ စိတ်ထဲ၌ တုန်လှုပ်ချောက်ချားခြင်းဖြစ်သော အခြေအနေသို့တိုင်မရောက်ခဲ့ကြဖူးချေ။

(စံ) လူအားလုံး စားပွဲပေါ်မှာ လက်တင်ထားကြပါ။ တစ်ယောက်နှင့် တစ်ယောက် မထိကြစေနဲ့နော်။ မနှင်းစိန်က အိပ်ချင်တဲ့စိတ် ဖြစ်ပေါ်လာ လျှင် အိပ်သာအိပ်လိုက် ဘာမှမကြောက်နဲ့ ကိုင်း- ကျွန်တော်တို့ အားလုံး ငြိမ်ငြိမ်ထိုင်ပြီး မျှော်နေကြစို့။

ကျွန်တော်တို့အားလုံးသည် စားပွဲပေါ်တွင် လက်များတင်ကြလျက် မှောင်ထဲ၌ ထိုင်ကာ စောင့်မျှော်လျက်ရှိကြ၏။ အခန်းတွင်း၌ရှိသော နာရီ ကြီးမှ တချက်ချက်မြည်သော စက်သံသည် ထင်ရှားသည်ထက် ထင်ရှား စွာ မြည်ဟိန်း၍ လာလေ၏။ အဝေး၌ ခွေးများဟောင်သော အသံတို့သည် ရံဖန်ရံခါ နားထဲသို့ဝင်လာ၏။ ရှေ့လမ်းသည်ကား ဘတ်စ်ကားလမ်းမဟုတ် သောကြောင့် ဆိတ်ငြိမ်သော လမ်းဖြစ်လေရာ ရှမ်းလမ်းကြီးပေါ်၌ ဘတ်စ် ကားများ သွားသောအသံသည် ရံဖန်ရံခါ တိုးဝင်၍လာ၏။ ထိုကဲ့သို့သော အခါများ၌ ဖြစ်ပေါ်မြဲထုံးစံအတိုင်း ကျွန်တော့်မှာ ခြေအေးခြင်း၊ လက်ဖျား များ ထုံကျင်ခြင်း၊ လက်ဖဝါးများ ပူလာခြင်း၊ ကျောထဲမှ စိမ့်ခနဲ စိမ့်ခနဲ အေးသွားခြင်းစသော အခြင်းအရာများ ဖြစ်ပေါ်လာစပြု၏။ ကျွန်တော်၏
mgyoe.com

mgyoe.com


စိတ်၌ လက်ဝဲဘက် လက်မောင်းထက် ဦးပေါ်စံနှင့်နီးသော လက်ယာဘက် လက်မောင်းသည်သာ၍ ထုံကျင်လာသည်ဟု ထင်မှတ်မိ၏။ ယင်းသို့ရှိနေစဉ် စိတ်ထဲမှ ကြိုးစားအားထုတ်၍ စောင့်မျှော်နေရခြင်းသည် အခံရခက် လှမတတ်ဖြစ်အောင် ရှိလာ၏။ အခြားသူတို့၏ တိတ်ဆိတ်နေခြင်းကို ထောက်သဖြင့် ၎င်းတို့မှာလည်း ကျွန်တော်ကဲ့သို့ပင် ရင်တလှပ်လှပ်နှင့် စောင့်မျှော်လျက်ရှိနေကြကြောင်းကို သိရ၏။

ထိုအတောအတွင်း ကျွန်တော်နှင့် မျက်နှာချင်းဆိုင်ရှိနေသော အရပ်မှ အသက်ရှူသံသည် တဖြည်းဖြည်း ပြင်းသည်ထက် ပြင်းလာ၍ တစ်ချက်၊ နှစ်ချက်မျှ ဟက်ခနဲ၊ ဟက်ခနဲ ရှူလိုက်ပြီးလျှင် အဝတ်များလှုပ်ရှားသည့် အသံကိုကြားရပြီးနောက် လုံးလုံးတိတ်ဆိတ်၍ သွားလေ၏။

ဘာဖြစ်တာလဲ၊ အားလုံး ကောင်းကောင်းမွန်မွန် ရှိကြရဲ့နော်ဟု တစ်ယောက်က မှောင်ထဲမှမေး၍၊

(စံ) ကောင်းကောင်းမွန်မွန် ရှိကြပါတယ် ကိစ္စမရှိပါဘူး။ မနှင်းစိန် အိပ်သွားတာပါ။ မစိုးရိမ်ကြပါနဲ့ ကိုင်း... ကိုင်း... ငြိမ်ငြိမ်ထိုင်ပြီး စောင့်ကြည့်ကြ ခင်ဗျားတို့ မမြင်ဖူးတာ မြင်ကြရလိမ့်မယ်။

နာရီကြီးသည် တချက်ချက်နှင့် မှန်မှန်ကြီး မြည်လျက် မနှင်းစိန်သည်လည်း မှန်မှန်ကြီး အသက်ရှူလျက်ရှိနေ၏။ ဘတ်စ်ကားသံများသည် ရှမ်းလမ်းဆီမှ တစ်ချက်တစ်ချက် ပေါ်လာပြီးနောက် တိတ်ဆိတ်မြဲတိုင်း တိတ်ဆိတ်သွားခဲ့ပြန်၏။ ထိုခဏ၌ လူ့ဘုံသားများသည် အခြားဘုံသားများနှင့် တွေ့ဆုံနီးနှောရမည့် ဆဲဆဲရှိနေပြီဟု ကျွန်တော်၏ စိတ်ထဲ၌ ထင်မှတ်မိချေ၏။ ထိုသို့ ထင်မှတ်မိလေလေ ကျွန်တော်၏ ရင်ဘတ်သည် တလှပ်လှပ် ဖြစ်လေလေ ရှိနေလေ၏။ ပထမ၌ စားပွဲခုံကြီးသည်၊ ကြမ်းပေါ်၌ တည်ငြိမ်စွာ ရှိနေရာမှ တအိအိ ယိမ်းလာ၍ ကျွန်တော်တို့ လက်အောက်၌ နိမ့်ချည် မြင့်ချည် ဖြစ်လာသည်ကို တွေ့ကြရ၏။ ထိုသို့ရှိစဉ် စားပွဲ၏သစ်သားသည် တဖျစ်ဖျစ်၊ တဖျတ်ဖျတ်၊ တကြိုးကြိုး တကျွိကျွိ မြည်စပြုလာ၏။

(စံ) တန်ခိုးတော်တော်ကြီးတယ်၊ စားပွဲခုံပေါ်မှာ ကြည့်ကြစမ်း။

ပထမ၌ ကျွန်တော်သည် ကျွန်တော်၏ စိတ်ကူးသက်သက်ဖြစ်သည်ဟု ထင်မှတ်မိ၏။ သို့ရာတွင် အားလုံးမြင်ကြ၍ စိတ်ကူးသက်သက်မဟုတ်

mgyoe.com

mgyoe.com


ကြောင်း သိရှိရ၏။ စားပွဲပေါ်၌ကား စိမ်းတိန်းတိန်း ဝါတာတာရှိ၍ ပြိုးပြိုး ပြောင်ပြောင် အရောင်ထွက်သော မှိုင်းလုံးကြီးတစ်ခုသည် မီးလောင်သော အိမ်များမှ ကောင်းကင်သို့ ထိုးတက်သော မီးခိုးများ၏ သဖွယ်၊ အလိပ် အလိပ်များထလျက် စားပွဲပေါ်၌ ထွေးလုံးရစ်ပတ် ဖြစ်နေလေ၏။

(စံ) တယ်ကောင်းတယ်၊ တန်ခိုးဟာ အင်မတန်ကြီးတယ်။

(ညွှန့်) စားပွဲကို ခေါက်ဖြေနည်းနဲ့ မေးခွန်းထုတ်မလား။

(စံ) ဒီထက်မက ထင်ရှားအောင် ကျွန်တော်လုပ်ပြနိုင်ပါတယ်။ ပြနိုင်ပါတယ်၊ ပြနိုင်ပါတယ်။

(ညွှန့်) အလို၊ အခု စကားပြောလိုက်တာ ဘယ်သူ့အသံလဲ၊ ကိုသိန်း မောင်အသံလား။

(ကျွန်တော်) ကျွန်တော် ဘာမှမပြောရပါကလား။

(စံ) မနှင်းစိန်က ပြောတာပါ။

(ညွှန့်) မနှင်းစိန်အသံ မဟုတ်ပါပဲကလား။

(ကျွန်တော်) ခု နင်က စကားပြောတာ မနှင်းစိန်လား။

ရုပ်က မနှင်းစိန်၏ရုပ်၊ နာမ်ဝိညာဉ်က ကျွန်ုပ်ဟု မောင်းမောင်း နက်နက်ရှိသော ယောကျ်ားသံဖြင့် ပြောဆို၏။

မနှင်းစိန်ရဲ့ ဝိညာဉ် ဘယ်မှာရောက်နေသလဲ။

ကျွန်ုပ်နှင့် ခေတ္တနေရာချင်း လဲထားတယ်။

ခင်ဗျား ဘယ်သူလဲ။

''ခင်ဗျားတို့ ဘုံမှာနေခဲ့ဖူးတဲ့ လူတစ်ယောက်ပဲ''

ထိုခဏ၌ ဦးသောင်းတင်၏ အိမ်နှင့်ကပ်လျက်ရှိသော အိမ်ရှေ့၌ မော်တော်ကားတစ်စီးဆိုက်ရောက်၍ စီးလာသူနှင့် ဒရိုင်ဘာတို့သည် ကား ဖိုးအတွက် အနည်းငယ်စကားများကြပြီးနောက် ဒရိုင်ဘာသည် ကားတံခါးကို ကျောင်းခနဲ ပိတ်၍ ရှမ်းလမ်းဘက်သို့ မောင်းနှင်သွားလေ၏။ စားပွဲပေါ်၌ရှိသော မှိုင်းလုံးများသည် တဝင်းဝင်း တလက်လက်ပင် ရှိနေ၍ မနှင်းစိန် အနီး၌ကား၊ သာ၍ပင် ဝင်းလက်စွာရှိနေ၏။ ကျွန်တော်မှာ ကျောထဲမှစိမ့်လာသည်ဖြစ်၍။

ဒီလောက်စမ်းရလျှင် တော်ပြီထင်ပါရဲ့ဗျာဟု ပြောသော်လည်း အခြား သူများကမူ အားမရကြသေးချေ။

mgyoe.com

mgyoe.com


(တင်) အခြားဘုံသားများအကြောင်းကို ကျွန်တော် သိချင်ပါတယ်ဗျာ။ အားရအောင် စုံစမ်းပါရစေဦး။

စုံစမ်းပါ၊ စုံစမ်းပါ။ ကျွန်တော် ဖြေဆိုဖို့ အဆင်သင့်ရှိပါတယ်။

(ညွှန့်) ခင်ဗျား တကယ်ရောက်နေကြောင်းကို သက်သေပြနိုင်ရဲ့လား။

ဘယ်လိုသက်သေလဲ။

ကျုပ် အင်္ကျီအိတ်ထဲမှာ ပိုက်ဆံကြွေ ဘယ်လောက်ရှိသလဲ။

ကလေးကလားနည်းနဲ့ မစမ်းကြပါနဲ့ လူတို့။

(စံ) သူပြောတာ မှန်တယ်။ ဒီလောက်ဟာနဲ့ ဘာလုပ်ဖို့လဲ။

တစ်ဘုံသားနဲ့ တစ်ဘုံသားတွေ့ဆုံကြတာ။ ကလေးကစားတာမဟုတ်ပါဘူး။

(ညွှန့်) ဒါဖြင့် ကျွန်တော် ပြင်ပြီးမေးပါရစေ။ ခင်ဗျားဟာ ဘယ်သူဘယ်ဝါလဲလို့ မပြောလိုဘူးလား။

ပြောလို့ ဘာအကျိုးရှိသလဲ။

ခင်ဗျား ထိုဘုံရောက်တာ ကြာပြီလား။

ကြာပါပြီ။

ဘယ်လောက်ကြာပြီလဲ။

ကျုပ်တို့ တွက်နည်းနဲ့ ခင်ဗျားတို့တွက်နည်း မတူလို့ အပြောရခက်တယ်။

ခင်ဗျားဘုံတို့မှာ နေဝင်၊ နေထွက် တစ်ရက်ပဲ မဟုတ်လား။

ခင်ဗျားတို့ နေကို ကျုပ်တို့ မသုံးဘူး။ ခင်ဗျားတို့ ရေကို ကျုပ် မသောက်ဘူး။ အားလုံးဘာမှ မတူဘူး။

ခင်ဗျား နေရတာပျော်ရဲ့လား။

ပျော်ပါတယ်။

ကျုပ်တို့ ဘုံကို ပြန်မလာချင်ဘူးလား။

အခုတော့ ပြန်မလာချင်ဘူး။

တစ်နေ့နေ့တော့ ပြန်လာမလား။

တစ်နေ့နေ့တော့ ပြန်လာမှာပေါ့။ ခင်ဗျားတို့ တစ်နေ့နေ့တော့ ကျုပ်တို့ဆီ ရောက်ဦးမှာပေါ့။

mgyoe.com

mgyoe.com


ခင်ဗျားတို့ နေတဲ့အရပ်နဲ့ ကျုပ်တို့ နေတဲ့အရပ်နဲ့ ဘယ်လောက်ဝေးသလဲ။

ဒီဟာ အဖြေရခက်တယ်။ အင်မတန်ပဲ ဝေးတယ်၊ ကပ်လျက်နေတယ်။

ဥပမာပြပါ။

ခင်ဗျား နားရွက်ကို ခင်ဗျားမြင်နိုင်သလား၊ ဒီလိုပဲ။

ခင်ဗျား ယခုလာရတာ ပျော်ရဲ့လား။

ခင်ဗျားတို့များ အကျိုးရှိလျှင် ကျုပ်ပျော်ပါတယ်။

ကျုပ်တို့ကို ခင်ဗျားတွေ့ချင်ရဲ့လား။

ခင်ဗျားတို့က တွေ့ချင်သလိုပဲ တွေ့ချင်ပါတယ်။

ကျုပ်တို့ကို ခင်ဗျားတို့က အစဉ်မပြတ် မြင်နိုင်သလား။

မြင်ချင်လျှင် မြင်နိုင်ပါတယ်။ သို့သော် မြင်ချင်လှအောင် မရှိပါ။

ကိုင်း–ကိုသိန်းမောင်၊ ဘာများ မေးချင်သလဲ မေးဗျို့။

(ကျွန်တော်) ခင်ဗျားတို့ ဆီမှာ အိမ်ထောင်ခြင်းရှိသလား။

ရှိတာပေါ့။

ခင်ဗျား ဘယ်ဘုံသားလဲ။

မပြောတတ်ဘူး။

ပြိတ္တာလား၊ အသူရကာယ်လား။

ပြိတ္တာဆိုတာ ဘာလဲ။

(စံ) ဒီလို မေးလို့ သူ ဘယ့်နှယ်နားလည်မလဲ။ မေးလည်း မမေးကောင်းပါဘူး။ ဒီပြင်ဟာ မေးပါ။

(ကျွန်တော်) လူ့ဘုံမှာတုန်းက အဖြစ်ကို ခင်ဗျားမှတ်မိသလား။

မှတ်မိတာပေါ့။

မလွမ်းဘူးလား။

မလွမ်းပါဘူး။

ကျုပ်တို့က ယခုလိုခေါ်ခြင်းဟာ နည်းလမ်းကျရဲ့လား။

စေတနာကောင်းနဲ့ခေါ်လျှင် ကောင်းပါရဲ့။

စေတနာမကောင်းဆိုတာ ဘာလဲ။

အပျင်းပြေသဘောနဲ့ ခေါ်ကြည့်လျှင် စေတနာကောင်းမဆိုနိုင်ဘူး။

mgyoe.com

mgyoe.com


အပျင်းပြေ ခေါ်ကြည့်လျှင် ဘာများဖြစ်တတ်သလဲ။

ဘေးအန္တရာယ်ဖြစ်တတ်တယ်။

ဘယ်လိုဘေးအန္တရာယ်မျိုးလဲ။

ခင်ဗျားတို့မှာ ခေါ်နိုင်တဲ့ ပညာရှိတယ် မှန်ပါတယ်။ ထိုပညာသည် တန်ခိုးဖြစ်တယ်။ ထိုတန်ခိုးကို နေရာတကျ မသုံးတတ်လျှင် အငိုလွယ်လို့ အရှိက်ခက် ဖြစ်တတ်တယ်။

ဘယ်လိုလဲ။

ကိုယ်မွေးတဲ့မျောက် ကိုယ့်ကိုခြောက်တတ်တယ်။

ဘေးအန္တရာယ်ဖြစ်လျှင် စိတ်ကို ထိတတ်သလား၊ ရုပ်ကို ထိတတ်သလား။

နှစ်ခုလုံး ထိတတ်တယ်။

ကျွန်တော့်မှာ မေးခွန်းများကုန်နေသဖြင့် ရပ်တန့်လျက် ရှိ၏။ စားပွဲပေါ်၌ရှိသော မှိုင်းလုံးများသည် တလိပ်လိပ် ထကြွလျက်ပင် ရှိနေသေး၏။

(တင်) ဦးကျော်ညွန့်က ဘာများမေးချင်သေးသလဲ။

(ညွန့်) ခင်ဗျားတို့ ဘယ်ဒင်းကို အကြောက်ဆုံးလဲ။

တစ်ဘုံကတစ်ဘုံ ပြောင်းရွှေ့ရမှာ အကြောက်ဆုံးဘဲ။

ဘယ်သူ့ကို အကြောက်ဆုံးလဲ။

ကိုယ့်ထက် တန်ခိုးကြီးတဲ့သူကို ကြောက်တာပဲ။

ဘာများ ခင်ဗျားတို့ ကိုးကွယ်ကြသလဲ။

(စံ) အရေးကြီးတာတွေ မေးပါ။ တွေ့ကရာဟာတွေ လျှောက်မေးနေလို့ ဘယ်ကုန်နိုင်မလဲ။

(တင်) ကိုးကွယ်မှုဟာ အရေးမကြီးဘူးလားဗျ။

(စံ) ကိုယ်ယုံကြည်တာကို ကိုယ်ကိုးကွယ်ကြတာပေါ့။ ဘာများ အရေးကြီးသလဲ။ ကျုပ်က ယခုလို တန်ခိုးကြီးနဲ့ ဆုံစည်းတဲ့အခါမှ မှတ်လောက်၊ သားလောက် တစ်ခုတစ်ခု ကျန်ရစ်လောက်အောင် ထူးထူးခြားခြား ဖြစ်စေဖို့ ကြံရွယ်တယ်။ သို့သော် ခင်ဗျားတို့ မေးစရာရှိသေးလျှင် မေးကြပြီးတော့မှ ကျုပ်အလှည့်ပေးကြတာပေါ့။

သို့ရာတွင် ယခင်က အသံသည် ဖြေဆိုခြင်း မပြုတော့ချေ။ ကျွန်တော့်

mgyoe.com

mgyoe.com


တို့သည် အကြိမ်ကြိမ်ထပ်၍ အမျိုးမျိုးမေးမြန်းကြသော်လည်း ဆိတ်ဆိတ် သာလျှင် ရှိနေ၍ မနှင်းစိန်မှာလည်း အိပ်ပျော်နေသော အမူအရာနှင့် အသက် မှန်မှန်ရှူလျက် ရှိနေလေ၏။

(စံ) စည်းပေါက်၍သွားပြီ ထင်တယ်၊ မေးလို့ မရတော့ဘူး။ သို့သော် မေးမရသော်လည်း ထူးထူးခြားခြား တစ်စုံတစ်ခု ခင်ဗျားတို့မြင်ရအောင် ကျုပ် ပြဦးမယ်။

ဘယ်လိုပြမလဲ။

ပြတော့ မြင်လိမ့်မယ်။ သို့သော် ဖြစ်ပါ့မလား မဆိုနိုင်ဘူး။

ပြစမ်းပါဦးဗျာ ဘယ်ပုံလဲ။

ကျုပ်စိတ်ဝိညာဉ်မှာ မြင်ရတဲ့အတိုင်း ခင်ဗျားတို့ပါ မြင်စေရအောင် ကျုပ်ပြမယ်လို့ ပြောခဲ့တယ် မဟုတ်လား။ ကိုင်း- ငြိမ်ငြိမ်ကိုင်ကြ မလှုပ် ရှားကြနဲ့ စားပွဲပေါ်မှာ လက်တင်ထားကြနော်။

တစ်ခန်းလုံးသည် မှောင်လှမက မှောင်၍ တိတ်ဆိတ်လှမက တိတ် ဆိတ်စွာရှိလာပြန်ပြီးလျှင် ခပ်စောစောက ဖော်ပြခဲ့ပြီးသော စိတ်အနေမျိုး သည် ကျွန်တော်၏ စိတ်၌တစ်ဖန် ဖြစ်ပေါ်လာပြန်၏။

စလာပြီး ငြိမ်ငြိမ်နေကြ။ စလာပြီဟု ဦးပေါစံက ပြောလေရာ ၎င်း၏ အသံသည်ပင်လျှင် ခပ်တုန်တုန်ရှိလာသောကြောင့် သူကိုယ်တိုင် တုန်လှုပ်စွာရှိကြောင်း သိရှိရ၏။

စားပွဲပေါ်၌ရှိသော မှိုင်းလုံးသည် တလိပ်လိပ် ထကြွလျက်ရှိရာမှ တဖြည်းဖြည်းပြန့်ကျယ်၍ လာပြီးလျှင် အခန်းတစ်ခုလုံး ပျံ့နှံ့လျက်ရှိနေ ၏။ နောက်ဆုံး၌ မှိုင်းလုံးသည် အခန်း၏ တစ်ခုသောထောင့်၌ တပေါင်း တည်းစုရုံး၍ အလည်ဗဟိုကျလေလေ အရောင်လက်လေလေ ရှိနေသော အစိုင်အခဲအဖြစ်သို့ ပြောင်းလဲ၍လာခဲ့၏။ ထိုအစိုင်အခဲမှ ၎င်းကိုယ်တိုင် အရောင်အနည်းငယ်လည်း ပတ်ဝန်းကျင်အရပ်တို့ကိုကား ထိန်လင်းအောင် တတ်နိုင်မည်မဟုတ်သောကြောင့် တစ်ခန်းလုံးမှာ ရှေးကထက်ပင် မှောင်မည်း လျက်ရှိနေ၏။ ထိုအစိုင်အခဲသည် တဖြည်းဖြည်း ကျစ်ဝင်သည်ထက် ကျစ်ဝင်သွား၍ နောက်ဆုံး၌ အလင်းရောင်လုံးလုံး ပျောက်သွားပြီးလျှင် ထိုနေရာ၌ ပုံသဏ္ဌာန်တစ်မျိုး ဖြစ်ပေါ်လာလေ၏။

mgyoe.com

mgyoe.com


ဘယ့်နှယ်လဲ ဦးပေါ်စံ။

ကြည့်ကြ ကြည့်ကြ သေသေချာချာ ကြည့်ကြ။

ငှင်းပုံသဏ္ဌာန်ရှိနေရာအရပ်မှ ပထမဦး ရှူးရှူးရှားရှား အသံဖြစ်ပေါ်လာ၍ ပျဉ်ကြမ်းပေါ်၌ နေရာရွှေ့ပြောင်းသံလိုလိုလည်း ကြားကြရ၏။

(စံ) မကြောက်ကြနဲ့နော်၊ ဘာမှကိစ္စမရှိနိုင်ဘူး။

အလိုလေးဗျာ ဘယ့်နှယ်ဟာကြီးလဲ။ ဘာကောင်ကြီးလဲကရို၊ ဟော··· ဟော··· ဟော··· အနားရောက်လာပြီ··· လာပြီ··· လာပြီ။ ဟိတ်··· ဟိတ်··· ဟိတ်··· အလိုလေး လုပ်ကြပါဦး။ ထိုအသံမှာကား ဦးကျော်ညွန့်၏ အော်သံဖြစ်ချေ၏။ ကျွန်တော့်မှာ ထိုတစ်ခဏအတွင်း မြင်တွေ့ရသော အခြင်းအရာတို့ကို သရုပ်ပေါ်အောင် ရေးသားခြင်းငှာ စကားရှာ၍ မရနိုင်အောင်ရှိနေ၏။

ကြီးမားလှသော ပုံသဏ္ဌာန်ကြီးသည် မှောင်မိုက်ထဲ၌ အခန်းထောင့်မှ ဖြစ်ပေါ်လာ၍ တရှူးရှူး၊ တရှားရှား၊ တဟားဟား၊ တဟောဟောနှင့် ဒရောသောပါး ပြေးထွက်လာခဲ့၍ ကြမ်းပေါ်၌ တဒုန်းဒုန်း တဒိုင်းဒိုင်းနှင့် တရကြမ်း စိုင်းထွက်လာပြီးလျှင် မတ်တတ်ရပ်ကာ ကျွမ်းပစ်ကာဖြင့် ရှေ့သို့ တိုးလိုက်၊ နောက်သို့ဆုတ်လိုက်၊ မျက်လုံးကိုပြူးလိုက်၊ သွားဖြဲလိုက်၊ အမြီးကို ယမ်းလိုက်၊ မုတ်ဆိတ်ကို ယမ်းလိုက်၊ ရှိနေရာမှ ကျွန်တော်တို့၏ အလယ်၌ရှိသော စားပွဲပေါ်သို့ ခုန်တက်လိုက်ရာ စားပွဲသည် ပွမ်းခနဲမြည်၍ ကျိုးသွားလေ၏။ ထိုအခါ၌ကား ငှင်းသတ္တဝါကြီး၏ ကိုယ်ကာယနှင့် ခြေထောက်များသည် ကျွန်တော်တို့အား နင်းကျော်ခုန်လွှားလျက် ကားယားပက်လက်ရှိနေသော ကျွန်တော်တို့ကို ဘောကန်ကစားမည်ကဲ့သို့ ရှိနေလေ၏။

မီးခြစ်ခြစ်ပါဗျ။ မီးခြစ်မပါကြဘူးလား။

ကိုသိန်းမောင် ခင်ဗျား မီးခြစ်ကော။

ကျုပ်မှာမပါဘူး။ ဦးသောင်းကော။

ဘယ့်နှာကြီးလဲဗျာ၊ ဘာကောင်ကြီးလဲ မုတ်ဆိတ်မွေးကြီးတွေလည်း ပါပါတယ်။

တိုးနယားပေါ့ဗျာ။ ကိုင်း··· ဒါထက် မနှင်းစိန်ကော··· ဟောနေ

mgyoe.com

mgyoe.com


ရစ်ပြီ။ လာကြဗျာ ဝင်ယူကြမယ်။

ကျွန်တော်တို့သည် အခန်းတွင်းသို့ဝင်ကြ၍ ကြမ်းပေါ်၌ လဲလျက်ရှိသော မနှင်းစိန်ကို ပွေ့ယူကာ အပြင်သို့သယ်ထုတ်ကြ၍ တံခါးဝသို့ ရောက်သောအခါတွင် ကျွန်တော်သည် နောက်သို့လှည့်၍ကြည့်လိုက်မိ၏။ ထိုခဏ၌ ရဲရဲနီသော မျက်လုံးကြီးနှစ်လုံးသည် မှောင်မိုက်ထဲမှ ပေါ်ထွက်လာ၍ တံခါးဆီသို့ပြေးလာရာ ကျွန်တော်သည် တံခါးကို ပိတ်လိုက်သည်နှင့် ဒုံးခနဲဝင်၍ တိုက်လိုက်သဖြင့် တစ်အိမ်လုံး သိမ့်သိမ့်တုန်၍သွားလေ၏။

ခက်ကုန်ပြီဗျာ။ ကျုပ်လည်း မပါဘူး။ ဗျို့ ဦးပေါ်စံ တော်တော့လေ။ ခင်ဗျားဟာကြီး ပြန်သိမ်းလိုက်ပါတော့။

ကျုပ်လည်း မတတ်နိုင်တော့ဘူး။ ဘယ့်နှယ်မှ မလုပ်တတ်ဘူး။ တံခါးဆီ ပြေးကြ။ တံခါးဆီ ပြေးကြ။

ထိုအခါ ကျွန်တော့်မှာ ကြမ်းပေါ်မှထ၍ ရော်ရမ်းကာ စမ်းရာတွင် တံခါးလက်ကိုင်ကိုတွေ့၍ ဆွဲဖွင့်လေ၏။ ထိုခဏ၌ စူးစူးရှားရှား မြည်အောင် အသက်ရှုပြင်းလှသော သတ္တဝါကြီးသည် ကျွန်တော်၏ အနီးမှ ကပ်၍ ဝီခနဲ နေအောင် ပြေးသွားပြီးလျှင် အခန်းနံရံနှင့် ဝင်တိုးမိသဖြင့် ဂျုံးခနဲ ပျဉ်များကျိုးကြေသွားသော အသံကို ကြားလိုက်ရ၏။ ကျွန်တော်သည် တံခါးကို ဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် အခြားသူတို့သည်လည်း တံခါးရှိရာသို့ တိုးဝှေ့ကာ ပြေးလာကြသဖြင့် တစ်ခဏချင်းတွင် အခန်းပြင်သို့ အားလုံးရောက်ကြ၏။

တံခါးကျိုးပြီးထွက်လာပြီဟ၊ ပြေးကြနော် ပြေးကြ။

ကျွန်တော်သည် တဖွားဖွားရှိသော မုတ်ဆိတ်မွေးကြီးအောက်သို့ ရောက်အောင်၊ တွဲရရွဲကျ၍ ရဲရဲနီသော လျှာကြီးကို ရိပ်ခနဲ မြင်လိုက်ရပြီးနောက် အားလုံးနှင့်အတူ ထမင်းစားခန်းသို့ ဝင်ပြေးလေ၏။ ထမင်းစားခန်းသို့ ရောက်ကြသောအခါ ကျွန်တော်တို့မှာ မနှင်းစိန်ကို ချထား၍ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ မျက်လုံးဝိုင်းလျက်ရှိနေကြစဉ် ခွာသံများသည် တစ်အိမ်လုံးရှိ ဟိုအခန်း၊ ဤအခန်းတို့မှ တဒုန်းဒုန်း တဒိုင်းဒိုင်း အပြင်းစိုင်းလျက်ရှိနေသေး၏။

ဟော့… ရှမ်းကြီး လုပ်ဦးလေ။ ခင်ဗျာ့အတတ် ခင်ဗျား လုပ်ဦး။

mgyoe.com

mgyoe.com

ကျုပ်လည်း မတတ်နိုင်ဘူး၊ တန်ခိုးပြယ်တော့ ပျောက်သွားကောင်းပါရဲ့ဗျာတို့။

ထိုခဏ၌ နောက်ဖေးမီးဖိုချောင်မှ မိန်းမတစ်ယောက်၏ အော်သံကို ကြားရသည်တွင် ဦးသောင်းတင်က "ဟိုက်… ကျုပ်မိန်းမနဲ့ တွေ့နေပြီမှတ်တယ်။ နယားသော၊ နယက်သော၊ နားမလည်ဘူး ပစ်သတ်မယ်ကွာ" ဟု ပြော၍ သေနတ်ကိုဆွဲကာ နောက်ဖေးချောင်သို့ ဝင်ပြေးလေ၏။ နောက်ဖေးဆောင်သို့ ရောက်ကြသောအခါ ဒေါ်လှရင်မှာ ကြောက်အားကြီးလှသဖြင့် ပက်လက်ကုလားထိုင်တစ်ခုပေါ်၌ မူးမေ့ကာရှိနေသည်ကို တွေ့ရသော်လည်း အခြားမည်သည့်အရာကိုမျှ မတွေ့ရချေ။ ၎င်းနောက် ကျွန်တော်တို့သည် ဦးသောင်းတင် လင်မယားကို နောက်ဖေးဆောင်၌ ထားခဲ့၍ ကျွန်တော်နှင့် ဦးပေါ်စံ၊ ဦးကျော်ညွန့်တို့သည် ယခင်က စမ်းသပ်သော အခန်းဆီသို့ တထိတ်ထိတ် တလန့်လန့်နှင့် ခြေတစ်လှမ်းချင်း ရွေ့ကာ ရွေ့ကာ အရပ်လေးမျက်နှာသို့ ကြည့်ရင်း လျှောက်သွားကြ၏။

စမ်းသပ်ကြသော အခန်းတံခါးသည် ပွင့်လျက်ရှိရာ ကျွန်တော်တို့ သုံးယောက်သည် အခန်းတံခါးပေါက်မှ ရပ်လျက် ယခင်က အကောင်ကြီး ထွက်လာလေဦးမည်လောဟု တုန်တုန်ယင်ယင်နှင့် ကြည့်ကြရာတွင် အခန်း၏ တစ်ခုသောထောင့်၌ အရောင်လက်သော မှိုင်းလုံးတစ်ခုသည် စုရုံးကာ ရှိနေသည်ကို တွေ့မြင်ရလေ၏။ ကျွန်တော်တို့သည် ၎င်းအခြင်းအရာကို စိုက်၍ ကြည့်နေကြစဉ် ထိုမှိုင်းလုံးသည် သေးငယ်သည်ထက်သေးငယ်၍ အလင်းရောင်မှာလည်း မှေးမှိန်သည်ထက် မှေးမှိန်သွားပြီးလျှင် နောက်ဆုံး၌ လုံးလုံးကွယ်ပျောက် မှောင်နှင့်မည်းမည်းရှိသော အခန်းသာလျှင် ကျန်ရှိလေတော့၏။

ထိုအခါမှ ရှမ်းဆရာဦးပေါ်စံသည် ရယ်မောလျက်၊ 'ပျော်စရာကြီးဗျာ၊ စားပွဲတစ်ခုနဲ့ တံခါးတစ်ချပ် ကျိုးသွားရုံကလွဲပြီး ဘာမှ အပျက်အစီးမရှိလို့ တော်ပါသေးတယ်ဗျာ။ တစ်ခါမှ ဒီလိုမကြုံရဖူးဘူး။ မဆန်းကြဘူးလားဗျာ'

(ညွှန့်) ဆန်းပါပေရဲ့ဗျာ။ နို့ပေမဲ့ ကျွန်တော်တော့ဖြင့် ဘယ်တော့မှ ဒီလိုစမ်းသပ်တဲ့အထဲ မပါတော့ဘူး။

mgyoe.com

ကျွန်တော်လည်း မပါချင်တော့ဘူး။

အထက်ပါ အဖြစ်အပျက်များသည်ကား လွန်ခဲ့သော ပြာသိုလပြည့် နေ့ညက ကြည့်မြင်တိုင် ရှောလမ်း၊ အိမ်နံပါတ် (၂၃) တွင် ဖြစ်ပျက်ခဲ့ဖူးသော အကြောင်းအရာ ဖြစ်ချေသည်။ ၄င်းညက ကိုယ်တိုင်တွေ့မြင်ကြရသော ကာယကံရှင်များမှာ ထိုအခြင်းအရာသည် တစ်ဦးဦးက လှည့်စားခြင်းပင် ဖြစ်မည်။ သို့တည်းမဟုတ် အကယ်စင်စစ်ဖြစ်သည်ကို ယခုတိုင် မပိုင်းခြား နိုင်ဘဲရှိနေခဲ့ပါ၍ ထိုအကြောင်းနှင့်စပ်လျဉ်း၍ မိမိတို့ကိုယ်တိုင်တွေ့ဖူးသဖြင့် ပိုင်းခြားပြောပြနိုင်ပါလျှင် ဝမ်းမြောက်ဝမ်းသာ ကြားနာလိုလှသည် ဖြစ်ပါ ကြောင်း။

❑

mgyoe.com

mgyoe.com

## ဆန်းထွေထူး ဝတ္ထုများ

**(နိဒါန်း)** ။ ။ ကသာဒိစတြိုတ်အတွင်းတွင် ရောဝတီမြစ်တွင်းသို့ စီးဝင်၍ ရောဝတီမြစ်၏ လက်တက်တို့တွင် တစ်ခုအပါအဝင် ဖြစ်ပေသော ရွှေလီမြစ်သည် တပေါင်းလရာသီတွင် နေမင်း၏ပူပြင်းသော အရှိန်ဖြင့် မြစ်ညာအရပ်ရှိ တောင်ထိပ်၊ တောင်စောင်း၊ တောင်နှာမောင်းတို့၌ ခိုအောင်း စုပုံလျက်ရှိသော ဆီးနှင်းတို့သည် အရည်ပျော်၍ ကျလာသည်ဖြစ်သော ကြောင့် နေမင်း၏ အရောင်တွင် ရွှေမှုန့်များ ဖြူးကြဲ၍ထားဘိသကဲ့သို့ တပြောင်ပြောင် တလက်လက် အရောင်ထွက်လျက်ရှိသော သဲသောင်ပြင်တို့ ကို နေ့ချင်း ညချင်း ဖုံးလွှမ်းခဲ့ပြီးလျှင် ရေအယဉ်သည် တသွင်သွင် စီး ဆင်းလျက်ရှိလေ၏။ မြစ်ကမ်းတစ်ဖက်တစ်ချက်၌ကား နွေရာသီ၌ ပွင့်ကြ မြဲ ဖြစ်သော အင်ကြင်း၊ ကံ့ကော်၊ ပိတောက်အစရှိသော အပင်ကြီးတို့ သည်လည်း ပင်လုံးကျွတ်အူလျက် ဖူးပွင့်ကြလေကုန်ရကား မြစ်၌ စုန်ဆန် သွားလာလျက်ရှိသော လှေငယ်၊ လှေလောင်းတို့နှင့်တကွ တအိအိ၊ တရွေ့ရွေ့ စုန်မျောလျက်ရှိသော သစ်ဖောင်၊ ဝါးဖောင်များပေါ်၌ လိုက်ပါလျက် ရှိသူ တို့သည် ကမ်းတစ်ဖက်တစ်ချက်မှ လေပြင်လေညင်း ဆော်သွင်းသုတ်ခတ် သောအခါတို့၌ ပန်းမျိုးစုံတို့၏ ဝတ်ရည်၊ ဝတ်မှုန်တို့မှ အထုံ အခိုး၊ အနံ့

mgyoe.com

mgyoe.com


အသက်တို့ကို တပျံ့ပျံ့ သင်းကြိုင်စွာ ခံစားကြရကုန်၏။ ရှစ်ခွင်သော အရပ်တို့မှလည်း တိမ်ခိုးမြူခိုးတို့သည် တစ်မိုးလုံး ရီဝေအုံ့မှိုင်းကာ ထက်ဝန်းကျင်ဝိုင်းလျက်ရှိလေရာ ပန်းပင်တို့၏ အဖူး၊ အပွင့်ကြားတို့မှ ဥသြငှက်တို့သည်လည်း ကြည်လင်ချိုအေးသော အသံဖြင့် မရပ်မနားအားထုတ်ကာ အော်မြည်လျက် ရှိကြလေရကား၊ ကဗျာ၏ ရာဇဝင်တွင် အစဉ်အမြဲတည်နေလောက်ပေသော 'မဲဇာတောင်ခြေ၊ စီးထွေထွေတည့်' အစချီသည့် ရတုဖြင့် ချီးကျူးဖွဲ့ကုံးခဲ့သော မဲဇာချောင်သည် ၎င်းရွှေလီချောင်းနှင့် မနီးမဝေးတွင် တည်ရှိသည် ဖြစ်သောကြောင့်၊ ၎င်းဥတုရာသီတွင် ရွှေလီချောင်း၌ ခရီးသွားလာသူ အပေါင်းတို့သည် ကဗျာပါရမီကို ဆည်းပူးဖြည့်တင်းခဲ့ဖူးသူများ ဖြစ်ခဲ့ပါမူ ၎င်းဒေသ၏ စိတ်နှလုံးကြည်နူးဖွယ် အခြင်းအရာကို ရှုမြင်ခံစားရသည် ဖြစ်သောကြောင့် ၎င်းအထက်ပါရတုနှင့် ယှဉ်ပြိုင်နိုင်းစာလောက်ပေသော ကဗျာတစ်ပုဒ်ကို မုချသီကုံးနိုင်မည် ဖြစ်ပေသည်။

၎င်းရွှေလီချောင်းသည် ကွေ့ကောက်၍ သွားသဖြင့် တစ်ခုသော တောင်ကွေ့မှ ညောင်ပင်သာအမည်ရှိသော ရွာငယ်တစ်ခု ရှိလေရာ၊ ၎င်းရွာနှင့် မနီးမဝေး ကမ်းပါးနှင့်ကပ်လျက်ရှိသော အရပ်တစ်ခု၌ အုန်းပင်၊ ငှက်ပျောပင်၊ ကွမ်းသီးပင်မှစ၍ ကြည်လင်အေးမြသော အပင်အမျိုးမျိုးတို့၏ အလယ်၌ သပ်ရပ်ကောင်းမွန်စွာ ဆောက်လုပ်၍ထားသော အိမ်ကြီးတစ်ဆောင်ရှိလေ၏။ ၎င်းအိမ်ကြီးသည်ကား စစ်ကဲကြီး ဦးထွန်းရင်၏ အိမ်ဖြစ်လေရာ ၎င်းဦးထွန်းရင်သည် အစိုးရအလုပ်မှ ပင်စင်ယူပြီးနောက် သားသမီး၊ သားမယားမရှိသော မုဆိုးဖိုကြီးတစ်ယောက် ဖြစ်သည့်အလျောက်၊ နှစ်ယောက်မျှသော အစေခံတို့နှင့် ချမ်းမြေ့စွာ နေထိုင်လျက်ရှိကြလေ၏။

၎င်း ဦးထွန်းရင်သည် ပုံပြင်ဝတ္ထုများဖတ်ရှုခြင်း၌ ငယ်စဉ်မှစ၍ များစွာအလေ့အထုံပါခဲ့လေသည့်အလျောက် အင်္ဂလိပ်စာအုပ်များ၊ မြန်မာဝတ္ထုစာအုပ်များ၊ မဂ္ဂဇင်းများ အစရှိသည်တို့သည် ဗီရိုကြီးငယ်တို့နှင့် ပြည့်နှက်အောင်ရှိလေ၏။ အားလပ်သော အချိန်အခါတို့၌ စာအုပ်များကိုဖတ်၍ အားမရနိုင်သေးသည့် လက္ခဏာနှင့် သူတစ်ပါးတို့ ပြောကြားသော ပုံပြင်ဝတ္ထုကိုလည်း ကြားနာရန် အစဉ်မပြတ် အဆင်သင့်ရှိလေ၏။ ထိုရွာမှလည်းကောင်း၊ အနီးအပါးရှိရွာများမှလည်းကောင်း ရွာသူရွာသားတို့သည် ဦးထွန်းရင်ထံမှ

mgyoe.com

mgyoe.com


ရံဖန်ရံခါ ငွေကြေးချေးငှားလိုသော်လည်းကောင်း၊ တစ်ခုခုသောကိစ္စ၌ ဦးထွန်းရင်အား အကူအညီတောင်းလိုသော်လည်းကောင်း၊ အထူးအရေးကိစ္စရှိသည့်အခါ ဦးထွန်းရင်၏ အိမ်သို့ လာရောက်ပြောဆိုကြသောအခါ၊ ဦးထွန်းရင်သည် ထိုသူအား မိမိကိုယ်တိုင် ကြုံတွေ့ခဲ့သော အဖြစ်အပျက်များအနက်မှလည်းကောင်း၊ မိမိကြားဖူးသော အကြောင်းအရာများအနက်မှလည်းကောင်း၊ ထူးဆန်းသော အခြင်းအရာတစ်ခုခုကို ပြောပြစေလေ၏။ အကယ်၍ ထိုသူသည် ထူးဆန်းအံ့သြဖွယ်ကောင်းသော အကြောင်းအရာ တစ်စုံတစ်ခုကို ပြောပြနိုင်ခဲ့ပါလျှင် ထိုသူလာရောက်သောကိစ္စကို အထမြောက်အောင် ဆောင်ရွက်၍ ပေးသည့်ပြင် ကောင်းမွန်စွာ ကျွေးမွေး၍ လွှတ်လိုက်လေ၏။ အကယ်၍ မပြောပြနိုင်ခဲ့မူ တစ်သက်ပန်အတွင်း ထူးထူးဆန်းဆန်း တစ်စုံတစ်ခုမျှ မတွေ့ဖူး၊ မကြားဖူးသောသူသည် အလွန် ဗဟုသုတ နည်းပါးသည်ဖြစ်၍ ကူညီခြင်းငှာ မထိုက်တန်ဟု ပြော၍ လွှတ်လိုက်လေ၏။ သို့ဖြစ်၍ ဦးထွန်းရင်ထံမှ ကူညီစောင်မခြင်းကို လိုလားသောရွာသူ၊ ရွာသားတို့သည် ဦးထွန်းရင်အိမ်သို့ မရောက်မီ လက်ဆောင်တစ်ခုခုကို အိမ်မှ စဉ်းစား၍လာကြရလေ၏။

ထိုမှတစ်ပါး ၄င်းနယ်တစ်လွှား၌ အမှုထမ်းရွက်လျက်ရှိသော သစ်တောဘက်၊ ပုလိပ်ဘက် ယစ်မျိုးဘက်မှစ၍ ဌာနအသီးသီးရှိ အရာရှိတို့သည် နယ်လှည့်ရင်း ထိုရွာသို့ ရောက်သောအခါ ဦးထွန်းရင်သည် မိမိနှင့် သိကျွမ်းသည်ဖြစ်စေ၊ မသိကျွမ်းသည် ဖြစ်စေ၊ မိမိ၏ နေအိမ်သို့ ပင့်ဖိတ်ကျွေးမွေးပြီးလျှင် မိမိတို့တွေ့မြင်ကြားသိခဲ့ရသမျှအနက်မှ ထူးဆန်းသော အကြောင်းအရာတစ်ခုခုကို ပြောပြရန် တောင်းပန်လေ့ရှိလေ၏။ ထို့ပြင် လသာသော ညအခါတို့၌လည်း ဦးထွန်းရင်သည် မြစ်ကမ်းပါး၌ သဲများပေါ်တွင် ရွက်ဖျင်ကုလားထိုင်များကို စီခင်းစေလျက် ရွာအတွင်းမှ အတွေ့အကြုံများသော လူကြီး၊ လူလတ်အချို့တို့ကို ဖိတ်ကြားပြီးလျှင် လသာသာတွင် ဝိုင်းဖွဲ့လျက် ကြက်ပေါင်ကြော်၊ ငါးကြော်၊ အမဲကင်၊ ငါးခြောက်ဖုတ် အစရှိသော စားဖွယ်တို့နှင့်တကွ ထန်းရည်အိုးတစ်အိုးကိုလည်းကောင်း မသောက်တတ်သော သူတို့အဖို့လည်း ရွှေဖီမိုးလွတ် လက်ဖက်ခြောက်နှင့် လက်ဖက်ရည်ကြမ်းတစ်အိုး အပြင် အချိုပွဲ၊ အချဉ်ပွဲအမျိုးမျိုးကိုလည်းကောင်း တည်ခင်း ကျွေးမွေးပြီးလျှင် မိမိတို့ကြုံတွေ့ခဲ့ရသမျှ အဖြစ်အပျက်တို့မှ

mgyoe.com

mgyoe.com

သူတစ်ပါးနားထောင်၍ ကောင်းလောက်သော အခြင်းအရာတို့ကို အလှည့်ကျ ပြန်ပြောင်း ပြောဆိုစေလေ၏။

အထက်တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း အမျိုးမျိုးသောနည်းတို့ဖြင့် စုဆောင်းရရှိသော ပုံတိုပတ်စတို့အနက်မှ အထူးကောင်းမွန်သဖြင့် မှတ်တမ်းတင်လောက်သည်ဟူ၍ ထင်မြင်သဘောရရှိသော ပုံတိုပတ်စများကိုမူ ဦးထွန်းရင်သည် ဖူးစကက်စာအုပ်ကြီးတစ်အုပ်တွင် မိမိကိုယ်တိုင် သပ်ရပ်ကောင်းမွန်စွာ ရေးသားစုဆောင်း၍ ထားခဲ့လေ၏။

ကျွန်တော်သည် သိန်းထိုက်ဝတ္ထု၊ ဝက်ဝံဝတ္ထုများကို စီရင်ရေးသားစဉ်အခါက ကျွန်တော်နှင့် ကျောင်းနေဖက် သူငယ်ချင်း သစ်တောအရာရှိတစ်ယောက်နှင့် နယ်လှည့်လိုက်ပါသွားခဲ့လေရာ နွေဦးပေါက်စ တစ်နေ့သော တပေါင်းလရာသီတွင် ထိုရွာ၌ စခန်းချခဲ့ကြလေသည်။ ကျွန်တော်တို့ဆိုက်ရောက်သည့် ညနေ၌ပင် ဦးထွန်းရင်သည် စာဖြင့်ရေးသား၍ သစ်တောဝန်ထောက်မင်းနှင့် သူငယ်ချင်းဖြစ်သူ ကျွန်တော်ပါ ထိုနေ့ညစာစားလာရောက်ရန် ဖိတ်ကြားသဖြင့် ကျွန်တော်၏ သူငယ်ချင်းက ထမင်းစားမသွားမီ ဦးထွန်းရင်၏ အလေ့အလာ ဝါသနာများအကြောင်းကို ကျွန်တော့်အား ပြောပြသည်နှင့် ကျွန်တော်သည် ထိုလူကြီးကို တွေ့လိုသော ဆန္ဒများစွာဖြစ်လျက် တတ်သမျှ မှတ်သမျှကိုလည်း စိတ်ကူးပြီးလျှင် ဦးထွန်းရင်၏ နေအိမ်သို့ သွားရောက်ကြလေ၏။

ဦးထွန်းရင်၏ နေအိမ်သို့ရောက်ကြလေလျှင် ဦးထွန်းရင်မှာ နဖူးကျယ် နှာတံပေါ်ပေါ်ရှိလျက် အလွန်နက်သော မျက်တွင်းတို့မှ တဖျပ်ဖျပ် အရောင်ထွက်သော မျက်လုံးတို့သည် တောက်ပကြည်လင်စွာ ရှိလေ၏။ အသားမှာ မဖြူမညို၊ အရပ်မှာ ခပ်ပျပ်ပျပ်နှင့် ဖျက်လတ်သွက်လက်သော အမူအရာရှိသည့်ပြင် ထိုသူ၏ အင်္ဂါရုပ်ကို ထောက်ချင့်ခဲ့သော် လူချော၊ လူလှဟူ၍ မဆိုနိုင်သောလည်း ပညာအရည်အချင်းနှင့် ပြည့်စုံ၍ အတွေ့အကြုံများသော သူတစ်ယောက်ဟူ၍ မုချဆိုနိုင်မည် ဖြစ်လေသည်။

ကျွန်တော်၏ သူငယ်ချင်းသစ်တောအရာရှိက ကျွန်တော်နှင့် ဦးထွန်းရင်ကို အသိအကျွမ်း ဖွဲ့ပေးပြီးနောက် ဦးထွန်းရင်က ဝမ်းမြောက်သော မျက်နှာထားနှင့် ကျွန်တော့်အားကြည့်၍ ကျွန်တော် စီရင်ရေးသားခဲ့သော ရန့်ကြီးအောင်

mgyoe.com

mgyoe.com


ဝတ္ထု၊ ရတနာပုံဝတ္ထု၊ ရူပနန္ဒီဝတ္ထုအစရှိသည်များကို ဖတ်ရဖူးကြောင်း၊ စာကို ဖတ်ရပြီးနောက် စာရေးဆရာနှင့် လူကိုယ်တိုင် တွေ့ရသဖြင့် များစွာ ဝမ်းမြောက်ပါကြောင်း၊ မိမိကိုယ်တိုင် ဝတ္ထုဆရာမဟုတ်သော်လည်း ဝတ္ထု ဖတ်ခြင်း၌ အလွန်တရာ အထုံဝါသနာပါရှိကြောင်းများနှင့် ပြောဆိုပြီးလျှင် အင်္ဂလိပ်ဝတ္ထုရေးဆရာများအကြောင်းနှင့် မြန်မာဝတ္ထုများအကြောင်းကို တစ်ယောက်တစ်ခွန်း ထင်မြင်ချက်ပေးလျက်ရှိကြလေ၏။

ထမင်းစားသောက်၍ ပြီးကြလျှင် ကျွန်တော်တို့ သုံးဦးသည် တိမ်ပုပ် ကင်းစင် ကြည်လင်စွာ ထွက်ပေါ်လျက်ရှိသော လဆန်း ၁၃ ရက် လမင်း၏ အရောင်တွင် မြစ်နဖူး၌ ထိုင်ကာ မြစ်ဘက်မှ တသုတ်သုတ် တိုက်ခတ် လာသော လေပြည်လေညင်းကို အားရပါးရ ရှူရှိုက်ရင်း ကျယ်ဝန်းသော ရေပြင်ကို မျှော်ကြည့်လျက်ရှိနေကြစဉ် ရန်ကုန်မြို့၌ ခိုယင်းများမပါ ပိတ်လှောင်ကာရှိလျက် အသက်ရှူကျပ်လှသော အခန်းကလေးများနှင့် များစွာကွာခြားသည့်အကြောင်းကို စဉ်းစားမိလေ၏။ ဆေးလိပ်များကို တစ်ခဏမျှ ငြိမ်သက်စွာ သောက်ရှုကြပြီးနောက် ဦးထွန်းရင်၏ တောင်း ပန်ချက်အရ ကျွန်တော်နှင့် ကျွန်တော်၏ သူငယ်ချင်းတို့သည် တွေ့ကြုံ ကြားခဲ့သမျှ အဖြစ်အပျက် အခြင်းအရာမှစ၍ ပုံတို၊ ပုံစများကို အတန်ငယ် ညဉ့်နက်သည်တိုင်အောင် ပြန်ပြောင်းပြောဆိုလျက် ရှိကြလေ၏။ စဉ်းစား ၍ရသမျှ ကုန်ကြလတ်သော်။ ကျွန်တော်နှင့် ဦးထွန်းရင်သည် ဝါသနာတူသူ ချင်းဖြစ်သည့်ပြင် ကျွန်တော်ကိုယ်တိုင်မှလည်း ဝတ္ထုပေါင်း ၃၀၀ ကျော် ၄၀၀ မျှ ဖတ်ရှုဖူးသည်ဖြစ်၍ နှစ်ဦးလုံးဖတ်ဖူးသည့် ဝတ္ထုများကို အပြစ် အနာအဆာနှင့်တကွ ချီးမွမ်းဖွယ်အခြင်းအရာများကို တစ်အုပ်ပြီးလျှင် တစ်အုပ် နှီးနှောပြောဆို၍ ထင်မြင်ချက်များ ပေးကြလေ၏။

ယင်းကဲ့သို့ နှီးနှောမိကြသဖြင့် စာအုပ်ပေါင်း ၃၀ ကျော် ၄၀ မျှ ပြီးစီးလေလျှင် ကျွန်တော်တို့နှစ်ဦးမှာ ထင်မြင်ချက်ချင်း အလွန်တူညီနေ သဖြင့် အလွန်တရာ စကားလက်ဆုံဝင်ပြီးလျှင် အချိန်ကုန်မှန်းမသိ ကုန် ခဲ့လေရာ ကျွန်တော်၏ သူငယ်ချင်းသည် ကုလားထိုင်ပေါ်မှ ဟောက်သံ ကြားသဖြင့် နာရီကိုကြည့်လိုက်သောအခါ သုံးနာရီထိုးပြီးကြောင်းကို အံ့သြ စွာနှင့် တွေ့မြင်ကြရလေ၏။

mgyoe.com

mgyoe.com


နောက်တစ်နေ့၌ ကျွန်တော်၏ သူငယ်ချင်းအလုပ်များ၍ နေခိုက်တွင် ဦးထွန်းရင်၏ အိမ်သို့လာရောက်၍ ယခင်ညကနည်းတူ စာရေးဆရာများ အကြောင်းနှင့် ၎င်းတို့၏ ဝတ္ထုများအကြောင်းကို ဆက်လက်နှီးနှောကြပြန်ရာ နောက်ဆုံး၌ ဦးထွန်းရင်က ကျွန်တော်၏ အလုပ်အကိုင်အကြောင်းနှင့် ဤအရပ်သို့ လာရောက်သည့်ကိစ္စကို မေးမြန်းရာ၊ ကျွန်တော်က ယခုအခါ ကျွန်တော်မှာ မဂ္ဂဇင်းသတင်းစာ၊ ဂျာနယ်အစရှိသည်တို့၌ ဝတ္ထုများရေးသားလျက် အသက်မွေးနေကြောင်း၊ ဤအရပ်သို့ လာရောက်ရခြင်းမှာလည်း ဤဒေသနှင့်ဆိုင်ရာ ဝတ္ထုတစ်ခုကို ရေးသားဆဲရှိသဖြင့် ကိုယ်တိုင်လာရောက်ကြည့်ရှုခြင်းဖြစ်ကြောင်း၊ အခြားမည်သည့်ကိစ္စမျှ မရှိသည့်အကြောင်းနှင့် ပြောဆိုသောအခါ ဦးထွန်းရင်သည် ဝမ်းမြောက်ဝမ်းသာရှိသော မျက်နှာထားနှင့် ယင်းသို့ဖြစ်ခဲ့လျှင် ၎င်း၏နေအိမ်သည် ယခုမြင်သည့်အတိုင်း အလွန်တရာ ဆိတ်ငြိမ်လှသည်ပြင် စိမ့်ကြီး၊ စမ်းကြီး၊ တောကြီး၊ မြိုင်ကြီးများနှင့်လည်း နီးသဖြင့် အလွန်တရာ စိတ်နှလုံး ကြည်နူးဖွယ်ရှိသဖြင့် စာရေးဆရာများနှင့် အထူးသဖြင့် သင့်လျော်သည့် အကြောင်းကိုပြောဆိုပြီးလျှင် မိမိ၏ အိမ်၌ အနည်းဆုံးတစ်လခန့်မျှ တည်းခိုနေထိုင်ရန် စိတ်အားထက်သန်စွာ တောင်းပန်သည်တွင် ကျွန်တော်မှာ သူငယ်ချင်းထံ ခွင့်တောင်း၍ ဦးထွန်းရင်နှင့်အတူ နေထိုင်ခဲ့လေ၏။

လူတို့ မည်သည်မှာ နှစ်ပေါင်းများစွာ အတူတကွ နေထိုင်ကြသော်လည်း အထုံဝါသနာချင်း တူညီခြင်းမရှိခဲ့ပါမူ ရင်းနှီးသောအဖြစ်သို့ မရောက်နိုင်ဘဲ ရှိတတ်သည်ဖြစ်ရာ အကြိုက်ချင်းတူညီ၍ အယူအဆချင်း တိုက်မိသောသူ နှစ်ဦးတို့မှာမူ တစ်ထိုင်ခန့်မျှ အတွင်းတွင် စကားလက်ဆုံဝင်၍ ချစ်ကျွမ်းတဝင် ခေါ်ငင်နီးရင်းသောအဖြစ်သို့ ချက်ချင်းပင်တိုင်ရောက်တတ်ကြောင်းကို ဖတ်ရှုသူ အပေါင်းတို့သည် ကောင်းစွာ ဝန်ခံကြရမည် ဖြစ်လေသည်။

ကျွန်တော်နှင့် ဦးထွန်းရင်တို့မှာလည်း ရက်အနည်းငယ်အတွင်းတွင် တူအရင်း၊ ဦးလေးအရင်းမျှမက ချစ်ကျွမ်းတဝင်ရှိကြပြီးလျှင် နှီးနှောရန် စကားတို့မှာလည်း မကုန်နိုင်ခမန်းရှိခဲ့လေရာ ကျွန်တော်မှာ များစွာအလုပ်မတွင်ဘဲ စကားပြောဆိုခြင်း၌သာလျှင် အချိန်ကုန်လွန်ခဲ့လေ၏။ ထို့

mgyoe.com

mgyoe.com


အကြောင်းကို ဦးထွန်းရင်အား ရယ်မောပြောဆိုသောအခါ ဦးထွန်းရင်က 'အလုပ်မပြီးပေမဲ့ မပူပါနဲ့ ဆရာရယ်၊ ဆရာ့အလုပ်ကို ကျွန်တော်ကူနိုင်တဲ့ နည်းနဲ့ ကူပါ့မယ်။ ဆရာတို့ ဝတ္ထုရေးတာက စိတ်ကူးပြီးရေးရလို့ ပင်ပန်းသေးတယ်။ ကျွန်တော်က အမှန်ဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာတွေကို တစ်ဆင့်ကြားနဲ့ စုဆောင်းပြီးထားတာတွေ ရှိပါတယ်။ သည်ဟာတွေကြည့်ပြီး ဆရာ အသုံးမချနိုင်ပေဘူးလား' ဟု ပြောပြီးနောက် စာမျက်နှာ နံပါတ် ၅၀၀ ခန့်မျှရှိသော ဖူးစကက်စာအုပ်ကြီးတစ်အုပ်ကို ကျွန်တော့်အား ပြရာ အတွင်း၌ကား လက်ရေးစိပ်စိပ်နှင့် သေသပ်ကောင်းမွန်စွာ ရေးသားထားရှိသည်များကို တွေ့ရှိရလေ၏။

ထိုနေ့မှစ၍ ကျွန်တော်သည် ၄င်းစာအုပ်ကြီးကို နေ့ရောညပါ ဖတ်ရှုခဲ့လေရာ အလွန်တရာ ထူးဆန်းသဖြင့် အံ့ဩဖွယ်ကောင်းလှ၍ အကယ်စင်စစ် ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်အခြင်းအရာများကို ဝတ္ထုတိုကလေးများသဖွယ် ရေးသားထားသည်ကို တွေ့ရှိရလေ၏။ ယင်းကဲ့သို့ တွေ့ရှိရသောအခါ ကျွန်တော်သည် ဦးထွန်းရင်ထံ အခွင့်တောင်း၍ ၄င်းတို့အနက်မှ ကောင်းသည်ထက် ကောင်း၍ ထူးသည်ထက် ထူးသော အဖူးအညွှန့်တို့ကို ထုတ်နုတ် ရွေးချယ်ပြီးလျှင် ဤမဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြမည် ဖြစ်ပါကြောင်း။

*

## ဆရာဝန်မောင်သန်းညွှန့်ကိုယ်တိုင် တွေ့မြင်ခဲ့ရသော အဖြစ်အပျက်များ

(လွန်ခဲ့သည့် သုံးနှစ်ခန့်အခါက ဦးထွန်းရင် မကျန်းမမာရှိသည်တွင် ကသာမှ ဆရာဝန် မောင်သန်းညွှန့်ကို ပင့်ခေါ်ကုသစဉ်အခါက ပြောဆိုခဲ့ဖူးသော အဖြစ်အပျက်များဖြစ်သည်)။ ကမ္ဘာစစ်ကြီးမဖြစ်မီ တစ်နှစ်ကျော်ခန့်အခါက မောင်သန်းညွှန့်သည် ဘိလပ်မြို့တော်၌ ဆေးဆရာဝန်၏ အတတ်ကိုသင်ကြားလျက်ရှိစဉ် တစ်နေ့သော ကျောင်းပိတ်ရက်အခါတွင် အင်ဂျင်နီယာအတတ်ကို သင်ကြားလျက်ရှိသော သူငယ်ချင်း မောင်သန်းတင်ဆိုသူနှင့် ဂျာမနီပြည်သို့ သွားရောက်လည်ပတ်ကြလေ၏။ သူငယ်ချင်းနှစ်ယောက်တို့

mgyoe.com

mgyoe.com


သည် ဘာလင်မြို့တော်၌ ထူးဆန်းသော ကြည့်ရှုဖွယ်အားလုံးတို့ကို လှည့်လည် ကြည့်ရှုလျက်ရှိကြစဉ် တစ်ညဉ့်သ၌ တစ်ခုသော ဇာတ်ရုံသို့ ရောက်ကြလေရာ မည်သည့်ပွဲမျိုးဖြစ်သည်ကို မေးမြန်းစုံစမ်းသည်တွင် ဂျာမန်မျက်လှည့်ဆရာကြီးတစ်ယောက်၏ မျက်လှည့်ပြပွဲဖြစ်ကြောင်း သိရှိသည်နှင့် ပထမတန်းလက်မှတ်နှစ်စောင်ကို ဝယ်ယူ၍ ရုံတွင်းသို့ဝင်ကြလေ၏။ တစ်ခဏမျှ ကြာလေလျှင် မျက်လှည့်ပွဲ စတင်ပြသသည်ဖြစ်၍ ကြည့်ရှုကြလေရာ မျက်လှည့်မှာ အလွန်ညံ့ဖျင်းသည်ဖြစ်သောကြောင့် အပြင်သို့ထွက်လိုကြသော်လည်း အလွန်လူစည်ကားလှသဖြင့် ဂျာမန်မကြီးတို့၏ ဂါဝန်စများကို နင်းမိမည်စိုးသောကြောင့် မထွက်ဝံ့ဘဲ အောင့်အည်းကာ ကြည့်နေကြရလေ၏။ ၎င်းနောက် မိမိတို့အနီး၌ရှိသော အင်္ဂလိပ်စကားတတ်သည့် ဂျာမန်တစ်ယောက်အား ယခုပြလျက်ရှိသောလူသည် ဆရာကြီးဖြစ်ပါသလောဟု မေးမြန်းရာ ထိုသူမှာ တပည့်မျှသာ ဖြစ်ကြောင်း၊ ဆရာကြီးကိုယ်တိုင်ထွက်လာသောအခါ မမြင်ဖူး၊ မကြားဖူးလောက်အောင် ထူးဆန်းလှသော မျက်လှည့်ပညာများကို ပြသလိမ့်မည်ဖြစ်ကြောင်းများနှင့် ပြောဆိုသောအခါ သူငယ်ချင်းနှစ်ယောက်တို့မှာ အနည်းငယ်အားရှိလျက် စောင့်ဆိုင်းကြည့်ရှုနေကြရလေ၏။

များစွာ မထူးဆန်းလှသော မျက်လှည့်အတတ်များကို တစ်နာရီကျော်ခန့်မျှ ပြပြီးနောက် တပည့်ဖြစ်သူသည် ဝင်သွား၍ ကန့်လန့်ကာကိုချထားလိုက်သည်ဖြစ်ရာ ပွဲကြည့်သူ ပရိသတ်တို့သည် ဆရာကြီးကိုယ်တိုင်ထွက်လာမည်ကို အုတ်အုတ်ကျက်ကျက် မျှော်လင့်စောင့်စားလျက်ရှိကြလေ၏။ ၁၀ မိနစ်ခန့်ကြာသဖြင့် ဆရာကြီးမထွက်လာဘဲရှိလေလျှင် ပရိသတ်တို့သည် ဆူဆူညံညံဖြစ်လျက် အချို့သော ဂျာမန်ကာလသားတို့က အော်ဟစ်ကာ ပွဲတောင်းလျက်ရှိကြလေလျှင် ကားလိပ်သည် တဖြည်းဖြည်းမသွား၍ လူ၏အရပ်ထက် တစ်တောင်လောက်မျှမြင့်သော မိန်းမရုပ်ကြီးတစ်ရုပ်သည် ဇာတ်ခုံအလယ်တွင် ကုလားထိုင်တစ်ခု၌ ထိုင်လျက်ပေါ်လာသည်ကို သူငယ်ချင်းနှစ်ယောက်တို့ တွေ့မြင်ရသောအခါ အတော်အတန် စိတ်ပျက်၍ သွားကြလေ၏။ ၎င်းမိန်းမရုပ်ကြီးမှာ ပိုးထည်၊ ဖဲထည်နှင့် ချုပ်လုပ်ထားသော ဂါဝန်အဝတ်အစားတို့ကို ဝတ်ဆင်လျက်ရှိသည်ဖြစ်ရာ ရင်၌ ရွှေတံဆိပ်ကြီး

mgyoe.com

mgyoe.com


များ၊ လည်ပင်း၌ ရွှေကြိုးကြီးများ၊ လက် ၁၀ ချောင်းတို့၌ လက်စွပ်ကြီးများအစရှိသည်တို့ကို ဝတ်ဆင်လျက်ရှိလေ၏။ လက်တို့မှာ သစ်သားဖြင့်ပြုလုပ်ထားလျက် လက်ဆစ်တို့မှာလည်း လွန်စွာနေရာတကျ ဆက်စပ်ထားသည်ကို တွေ့ရှိရလေ၏။ မျက်လုံးနှစ်လုံးမှာ ဖန်နှင့်ပြုလုပ်ထားလျက်ပရိသတ်များထက်သို့ ကြောင်တောင်ငေးလျက် ဟသ်ပဒါးသွေးကဲ့သို့ ရဲရဲနီသော နှုတ်ခမ်းတို့သည်လည်း ရှိ၍ သွားများ ဖွေးဖွေးပေါ်သည်တိုင်အောင်ပြုံးရယ်လျက်ရှိလေ၏။ မောင်သန်းညွန့်သည် ၄င်းအရုပ်ကြီးကို မြင်ရသောအခါ ဤမျက်လှည့်သည်ကား ထူးဆန်းနိုင်မည် မထင်သဖြင့် သူငယ်ချင်းမောင်သန်းတင်အား လက်ကုတ်၍ အိမ်သို့ပြန်ရန် တိုင်ပင်တော့မည်အပြုတွင်ထိုအရုပ်ကြီး၌ ထူးဆန်းသော အခြင်းအရာတစ်ခုကို မြင်သဖြင့် အံ့အားသင့်လျက် ပြန်၍ ထိုင်ကြပြန်လေ၏။ အကြောင်းမူကား ၄င်းအရုပ်ကြီးသည်အသက်ရှူလျက် ရှိသည်ကို တွေ့မြင်ရသောကြောင့်ပေတည်း။ အရုပ်ကြီး၏ရင်သားတို့သည် ကြွ၍၊ ကြွ၍ တက်လာပြီးလျှင် တံဆိပ်ဝိုင်းကြီးသည်လည်းထင်ရှား သိသာလောက်အောင် လှုပ်ရှားလျက် အသက်မှန်မှန်ရှူလျက်ရှိကြောင်းကို ပရိသတ်အပေါင်းတို့သည် ကောင်းစွာ တွေ့မြင်ကြရလေ၏။

၄င်းနောက် ဆရာကြီးကိုယ်တိုင်ထွက်ပေါ်၍ လာလေရာ ဆရာကြီးမှာ ပျာယီးပျာယာလာရသည့် လက္ခဏာနှင့် နောက်ကျသည့်အတွက်တောင်းပန်စကား ပြောကြားသောအခါ၌ အနည်းငယ် မောဟိုက်လျက်ရှိလေ၏။ ၄င်းဆရာကြီးမှာ ထုံးစံအတိုင်း အဝတ်နက်တို့ဖြင့် ဝတ်ဆင်လျက်ရှိသည်ဖြစ်ရာ ပုပုကွကွနှင့် အချိုးအစားမကျသော်လည်း ၄င်း၏ မျက်လုံးတို့မှာ တန်ခိုးရှိသော မျက်လုံးများဖြစ်သောကြောင့် ၄င်းအား ရုတ်တရက်မြင်လိုက်သူ အပေါင်းတို့မှာ နောက်တစ်ကြိမ်လှည့်၍ ကြည့်ရမည်ဖြစ်သောသူစားမျိုးဖြစ်ပေ၏။

နောက်ကျသည်အတွက် သည်းခံကြစေလိုကြောင်းနှင့် တောင်းပန်ပြီးလျှင် နောက်ကျရသည့်အကြောင်းမှာလည်း ရည်းစားသည်ကြောင့် ဖြစ်ကြောင်း၊ မိန်းမတို့ မည်သည်မှာ တစ်ခါတစ်ရံ အလွန်တရာ ပြောခက်၊ ဆိုခက် ရှိကြောင်းများနှင့် ပြောဆိုလျက် အရုပ်ကြီးအား မေးငေါ့၍ ပြလေလျှင် ပရိသတ်တို့လည်း ရယ်မောကြလေ၏။ ထို့နောက် ဆရာကြီးက

mgyoe.com

mgyoe.com


ဆက်လက်၍ အရုပ်ကြီးကို လက်ညှိုးညွှန်ပြပြီးလျှင် မိမိ၏ ရည်းစားသည် အမည်မှာ 'မမီနာ' ဖြစ်ကြောင်း၊ မမီနာမှာလည်း ကမ္ဘာပေါ်ရှိ မည်သည့် အရုပ်နှင့်မှမတူ အသက်ရှင်သော အရုပ်ဖြစ်ကြောင်း၊ မယုံလျှင် အနီးသို့ ကပ်၍ စုံစမ်းကြည့်ရှုနိုင်ကြောင်းနှင့် ပြော၍ ပရိသတ်တို့အား ဖိတ်ကြားလေရာ မျက်လှည့်ဆရာကြီးသည် မောင်သန်းညွှန့်နှင့် မောင်သန်းတင်တို့၏ နိုင်ငံခြားသားများဖြစ်ကြသည့်အကြောင်းကို ရိပ်မိသည်နှင့် ၎င်းတို့နှစ်ယောက်ကို အထူးဂရုစိုက်၍ကြည့်ကာ ပြောလေ၏။ ၎င်းနောက်ဆက်လက်၍ ပြောပြန်သည်မှာ အချို့သောသူတို့က မမီနာသည် အရုပ်မဟုတ် လူစင်စစ်ဖြစ်သည်ဟု ပြောဆိုကြကြောင်း၊ သို့ရာတွင် ထိုစကားသည် မမှန်ကြောင်း၊ မမီနာမှာ ခြေဖျားမှစ၍ ဆံပင်သို့တိုင်အောင် မိမိ၏လက်နှင့် ထုလုပ်ထားကြောင်း၊ သို့ရာတွင် အရုပ်ပင်ဖြစ်သော်လည်း အသက်သွင်းထားသည်မှာ မှန်ကြောင်း၊ ဤအရုပ်မျိုးသည် ကမ္ဘာပေါ်၌ ဤတစ်ရုပ်မျှသာ ရှိကြောင်းနှင့် ပြောဆို၍ 'မဟုတ်ဘူးလား၊ မမီနာ' ဟု မေးလိုက်သောအခါ မောင်သန်းညွှန့်နှင့် မောင်သန်းတင်တို့မှာ ထ၍၊ ခုန်ကြမည်ကဲ့သို့ ရှိကြလေ၏။ ယင်းကဲ့သို့ အံ့ဩရခြင်းအကြောင်းမှာ အရုပ်ကြီးသည် ကုလားထိုင်ပေါ်တွင် ငြိမ်ဝပ်စွာ ထိုင်နေရာမှ ရုတ်တရက်ထပြီးလျှင် ဆရာကြီးရှိရာသို့ ခြေလှမ်းမှန်မှန်နှင့် လျှောက်လာသည်ကို တွေ့မြင်ရသောကြောင့် ဖြစ်ပေသည်။ ထိုအခြင်းအရာကို တွေ့မြင်ရသောအခါ သူငယ်ချင်းနှစ်ယောက်တို့မှာ ရှေ့ဆုံးအတန်းမှ ကြည့်နေကြသောကြောင့် ဓာတ်ခုံနှင့် အလွန်နီးသည်ဖြစ်၍ စက်ကြိုးများ ဆင်ထားလေသလောဟု သေချာစွာ ကြည့်ရှုရာ မည်သည့် စက်ကြိုးကိုမျှ မတွေ့မြင်ရဘဲရှိလေ၏။ ဆရာကြီးအနီးသို့ ရောက်လေလျှင် အရုပ်ကြီးသည် ပရိသတ်ဘက်သို့ လှည့်လျက် ဆရာကြီးနှင့် ယှဉ်၍ ရပ်နေရာ ဆရာကြီး၏ ခေါင်းပေါ်မှ ခေါင်းတစ်လုံးသာသာကြီး မြင့်မားလျက်ရှိသည်ပြင် ဖန်မျက်လုံးကြီးတို့မှာလည်း ကြောင်တောင်ငေးလျက်ရှိသည် ဖြစ်သောကြောင့် သေချာစွာ ကြည့်သောအခါ၌ အသည်းနှလုံးတုန်လှုပ်ဖွယ်ရှိပေ၏။ ၎င်းနောက် ဆရာကြီးက 'ကိုင်း မမီနာ ပရိသတ်များကို နှုတ်ဆက်လိုက်ပါဦး' ဟု ပြောသောအခါ အချို့သော သူတို့သည် လျှာခင်နှင့် ပါးစပ်မလှုပ်ဘဲ စကားပြောတတ်ငြားသော်လည်း ပါးကြောတို့သည် သေချာ

mgyoe.com

mgyoe.com

စွာကြည့်ရှုက လှုပ်ရှားစမြဲဖြစ်လေရာ မောင်သန်းညွန့်သည် ဆရာကြီး၏ပါး ကို သေချာစွာ စိုက်၍ ကြည့်သော်လည်း အနည်းငယ်မျှ လှုပ်ရှားသည်ကို မတွေ့ရှိရဘဲ မျက်လှည့်ဆရာကြီးသည် အထက်ပါစကားကို ပြောပြီးနောက် ပါးစပ်ကို ပိတ်လျက်၊ မုတ်ဆိတ်ကို လက်ဖြင့်ဆွဲကာ ဆိတ်ငြိမ်စွာရှိနေ သည်ကို တွေ့ရှိရလေ၏။ ထိုအခါ အရုပ်ကြီးက မိန်းမသံဖြင့် 'မိတ်ဆွေ များနှင့် တွေ့ရသည့်အတွက် ကျွန်မ အလွန်ဝမ်းမြောက်ပါသည်'ဟု ပီသစွာ နှင့် ပါးစပ်ကိုဖွင့်၍ နှုတ်ခမ်းများကို လှုပ်ရှားကာ ပြန်ပြောလေ၏။

ထိုအခြင်းအရာကို မြင်ရသောအခါ မောင်သန်းညွန့်သည် အလွန်စိတ် ပါလာသည်နှင့် ကုလားထိုင်တွင် တည့်မတ်စွာထိုင်လျက် အရုပ်ကြီးအား စိုက်ငေးလျက်ကြည့်သည်ကို မျက်လှည့်ဆရာကြီးမြင်သောအခါ အင်္ဂလိပ် ဘာသာဖြင့် 'မယုံရင်တက်ပြီး ကြည့်နိုင်ပါတယ် မိတ်ဆွေ။ အရုပ်စင်စစ် ပါ။ လူမဟုတ်ပါဘူး။ လူဝင်တဲ့အရုပ်လည်း မဟုတ်ပါဘူး။ လာပါ... လာပါ အနားကပ်ပြီး ကြည့်လှည့်ပါ'ဟု ပြောပြသဖြင့် မောင်သန်းညွန့်နှင့် မောင်သန်းတင်တို့သည် ဇာတ်ခုံပေါ်သို့ စိတ်အားထက်သန်စွာနှင့် တက်သွား ကြလေ၏။

သူငယ်ချင်းနှစ်ယောက်တို့သည် အရုပ်ကြီး၏ တစ်ဖက်တစ်ချက် တွင် ရပ်လျက် အရုပ်ကြီးကို စမ်းသပ်ကိုင်တွယ်ရှိနေကြစဉ် မျက်လှည့် ဆရာကြီးသည် အရုပ်ကြီး၏ လည်ပင်း၌ရှိသော ခလုတ်တစ်ခုကို နှိပ်လိုက် ရာ အရုပ်ကြီးသည် အဝတ်အစားများနှင့်တကွ ကျောလည် တည့်တည့်မှ နှစ်ခြမ်းကွဲ၍ သွားပြီးလျှင် အတွင်း၌ကား နာရီစက်ကြီးသဖွယ် သံပတ် များ ခွေးသွားစိတ်များနှင့် တီးဝိုင်းများ၊ လေပြွန်များအစရှိသည်တို့ကို တွေ့ ရှိရလေ၏။ မောင်သန်းတင်မှာ စက်ကရိယာအတတ်ကို သင်ကြားလျက်။ အတော်အတန် နားလည်သည်ဖြစ်သောကြောင့် စက်တပ်ဆင်ထားပုံများကို စိတ်အားထက်သန်စွာ စုံစမ်းကြည့်ရှုလျက်ရှိရာ မောင်သန်းညွန့်မှာမူ အနည်း ငယ်မျှ စက်ကိရိယာအတတ်ကို နားမလည်သည်ဖြစ်၍ သာမန်အားဖြင့်သာ လျှင် ကြည့်ရှုအံ့ဩလျက်ရှိလေ၏။ သို့ရာတွင် မောင်သန်းညွန့်မှာ ပထမ၌ ဤအရုပ်ကြီးသည် စင်စစ် အရုပ်မဟုတ်။ အရုပ်ယောင်ဆောင်နေသော မိန်းမတစ်ယောက်ဖြစ်သည်ဟု မှတ်ထင်မိသည်ဖြစ်ရာ နှစ်ခြမ်းခွဲ၍ စက်

mgyoe.com

mgyoe.com


ကရိယာများကို မြင်ရသောအခါမှ အရုပ်စင်စစ်ဖြစ်ကြောင်းကို ယုံကြည်ခဲ့လေ၏။

မျက်လှည့်ဆရာကြီးသည် ပရိသတ်များအား စကားအမျှင်မပြတ်အောင် ပြောဆိုရင်း သူငယ်ချင်းနှစ်ယောက်တို့၏ အမူအရာကို အကဲခတ်လျက်ရှိရာ မောင်သန်းတင်သည် ရုတ်တရက် ခါးကိုကုန်းလျက် သေချာသည်ထက် သေချာစွာ စက်ကရိယာများကို စစ်ဆေးကြည့်ရှုမည်ပြုသည်တွင် မျက်လှည့်ဆရာကြီးသည် အရုပ်ကို ရုတ်တရက် ပိတ်လိုက်ပြီးလျှင် ပရိသတ်ဘက်သို့ လှည့်စေ၍ သူငယ်ချင်းနှစ်ယောက်တို့အား တော်လောက်ပါပြီဟူသော အမူအရာနှင့် ဦးခေါင်းညွှတ်ကာ တောင်းပန်သဖြင့် သူငယ်ချင်းနှစ်ယောက်တို့သည် ဇာတ်ခုံပေါ်မှ ဆင်းလာခဲ့ကြရလေ၏။

၄င်းနောက် ဆရာကြီးက မောင်သန်းညွန့်တို့အား ကျွန်ုပ်၏ အရုပ်ကို စစ်ဆေးကြည့်ရှုသည်အတွက် ကျေးဇူးတင်ပါသည်။ မိတ်ဆွေတို့ မြင်သည့်အတိုင်း မမိနာသည် လူသားမဟုတ်၊ အရုပ်စင်စစ်ဖြစ်ပါသည်။ အရုပ်ပင် ဖြစ်သော်လည်း မိတ်ဆွေတို့ အားလုံးမပျင်းရအောင် ဖျော်ဖြေပါလိမ့်မည် 'ဘယ့်နှယ်လဲ မမိနာ'ဟု ပြောလိုက်သောအခါ အရုပ်ကြီးသည် ပရိသတ်များဘက်သို့ ရုတ်တရက်လှည့်ပြီးလျှင် ပါးစပ်ကို ဖွင့်လျက်၊ သီချင်းတစ်ပုဒ်ကို စည်းဝါးကျနစွာ သီဆိုလေ၏။ ၄င်းသီချင်းသံကို ကြားရသောအခါ မောင်သန်းညွန့်နှင့် မောင်သန်းတင်တို့မှာ ကြောက်တတ်သောသူငယ်နှစ်ယောက် မဟုတ်ငြားသော်လည်း ကြက်သီးမွေးညင်း အကြိမ်ကြိမ်ထခဲ့ကြလေ၏။ ၄င်း၏အသံမှာ အလွန်တရာ ကျယ်လောင်စူးရှ၍ လူ၏အသံနှင့် မတူဘဲ၊ ကြေးစည်သံ၊ ခေါင်းလောင်းသံ၊ မောင်းသံ၊ ကြေးနောင်သံအစရှိသည်တို့ကဲ့သို့ သတ္တုသံပါလျက် ကြောက်မက်ဖွယ်ကောင်းသည်မှန်သော်လည်း မိန်းမသံဖြစ်ကြောင်းကို ကောင်းစွာထင်ရှားစေသည့်ပြင် သီဆိုသည့် စကားလုံးတို့မှာလည်း လွန်စွာပီသ ကွဲပြားလှပေ၏။

၄င်းသီဆိုသော သီချင်းမှာ စစ်တိုက်သည့်အခါ၌ ချီတက်သောအသွားမျိုးဖြစ်၍ 'ကိုင်ဇာ… ကိုင်ဇာ'ဟူသော အမည်သည် ခဏခဏပါရှိလျက် ခပ်သွက်သွက်ဆိုရသော သီချင်းမျိုးဖြစ်လေရာ သီချင်းအဆုံး၌ ပရိသတ်တို့လည်း လက်ခုပ်၊ လက်ဝါးတီးကာ ဩဘာပေးကြလေရာ
mgyoe.com

mgyoe.com


မောင်သန်းညွန့်နှင့် မောင်သန်းတင်တို့မှာမူ မကြုံဖူး၊ မကြားဖူးလောက်အောင် ထူးဆန်းလွန်းအားကြီးသော အခြင်းအရာကို တွေ့မြင်ရသည်ဖြစ်၍ ရင်ဖိုလှိုက်ကာ ကြက်သေ၊ သေလျက်ရှိကြလေ၏။ ၄င်းနောက် စကားပြောနိုင်လောက်သော အခြေအနေသို့ ဆိုက်ရောက်သောအခါ။

(တင်) "ဘယ့်နှယ်လဲ ငါ့လူရယ်၊ လွန်လွန်းအားကြီးလှချည့်ကလား၊ ငါဖြင့် ဆန်းလွန်းအားကြီးလို့ ကြောက်တောင်မှ ကြောက်ချင်လာတယ်"။

(ညွန့်) "ငါဖြင့်… ကြောက်တဲ့ ဟိုဘက်တောင် နှစ်ဘူတာလောက်… လွန်ချင်သေးတယ်… ငါ့လူရယ်၊ တယ်ပြီး… တတ်နိုင်တဲ့ ဆရာကြီးပါပဲကွယ်။ ဘယ့်နှယ်လုပ်ပြီး ထားတယ်ထင်သလဲ"

(တင်) "ငါလည်း မပြောတတ်ဘူးကွယ်။ သို့သော်လည်း စက်တွေကို ကြည့်ကြတုန်းက ထူးဆန်းတဲ့ အချက်တစ်ခုတော့ ငါမြင်လိုက်တယ်။ နေဦးနောက်မှ ငါပြောမယ်။ ကြည့်စမ်း ဘာများပြဦးမယ်မဆိုနိုင်ဘူး။"

လက်ခုပ်သံများစဲ၍ သွားသောအခါ ဆရာကြီးသည် အရုပ်ကြီးအားအဆိုနှင့် ဖျော်ဖြေပြီးသဖြင့် အကနှင့် တစ်မျိုးအမှုထမ်းရန် အမိန့်ပေးသည်နှင့် တစ်ပြိုင်နက် အရုပ်ကြီးသည် ဂါဝန်စများကို လက်နှင့် ကိုင်ဆွဲကာ ခြေထောက်များကို မြှောက်လျက် အတီးအမှုတ်နှင့် လိုက်အောင် စည်းချက်ဝါးချက် ကျနအောင် ဇာတ်ခုံပေါ်၌ လှည့်ပတ်ကာ ကလေ၏။ သစ်သားဖြင့် လုပ်ထားသော ဖိနပ်များသည် ကြမ်းပေါ်၌ စည်းချက်ကိုက်အောင် တတောက်တောက်မြည်လျက် အဆစ်အမျက်တို့မှာလည်း သစ်သားဖြင့် ဆက်ထားသည်ဖြစ်သောကြောင့် ဂေါက်ဂေါက် ဂက်ဂက်မြည်လျက်။ မျက်နှာထားမှာလည်း အစဉ်အမြဲပြုံးရယ်လျက် မျက်လုံးကြောင်တောင်နှင့် ဝဲကာဝဲကာ ကနေသည်ကို သူငယ်ချင်းနှစ်ယောက်တို့ မြင်ရသောအခါ ရှေးကထက်ကျောချမ်း၍ လာကြပြန်လေ၏။

ထိုတစ်ခဏ၌ တီးသံ၊ မှုတ်သံတို့သည် ရှေးကထက် ကျယ်လောင်စွာ တီးမှုတ်ကြပြန်လေရာ မျက်လှည့်ဆရာကြီးသည် ပရိသတ်ဘက်သို့ လှည့်၍ 'ကျွန်တော်တို့ နှစ်ဦးစုံတွဲက၍ အသုံးတော်ခံပါမည်'ဟု ပြောပြီးလျှင် အတီးအမှုတ်သမားတို့အား စုံတွဲအသွားကို တီးမှုတ်စေသည်ဖြစ်ရာ အရုပ်

mgyoe.com

mgyoe.com


ကြီးသည် အသွားတစ်မျိုးပြောင်း၍ သွားသဖြင့် တစ်ခဏမျှ ရပ်တန့်သည်တွင် ၄င်း၏ ရင်သားတို့သည် မောပန်းသဖြင့် ရှိုက်၍ ရှူနေသည့် လက္ခဏာနှင့် လျင်မြန်စွာ ထကြွလှုပ်ရှားလျက်ရှိသည်ကို တွေ့မြင်ရသဖြင့် ဤမျှ လောက် ကျနသေချာစွာ တပ်ဆင်၍ထားသော စက်ဆရာ၏ ဉာဏ်စွမ်းကို သူငယ်ချင်းနှစ်ယောက်တို့သည် စိတ်၌ များစွာ ချီးမွမ်းမိကြလေ၏။

၄င်းနောက် မျက်လှည့်ဆရာကြီး၏ လည်ပင်းကိုဖက်လျက် ဆရာကြီးကလည်း အရုပ်ကြီး၏ ခါးကို လက်တစ်ဖက်နှင့် ဖက်ပြီးလျှင် ဇာတ်ခုံပေါ်၌လှည့်ပတ်ကာ နှစ်ယောက်တွဲလျက် ကကြလေ၏။ အတီးအမှုတ်သမားတို့သည်လည်း တီးရင်း၊ တီးရင်း ဆူညံသည်ထက် ဆူညံစွာ တီးမှုတ်ကြလေလျှင် မျက်လှည့်ဆရာကြီးနှင့် အရုပ်ကြီးတို့သည်လည်း တစ်ဦးကို တစ်ဦး လျင်မြန်စွာ လှည့်ပတ်လျက် မွတ်၍နေသည်တိုင်အောင် ချာလပတ်လည်၍ ကကြလေ၏။ ထိုသို့ဖက်တွဲလျက်ကနေကြစဉ် အရုပ်ကြီးသည် ရုတ်တရက် မျက်လှည့်ဆရာကြီးကို ချိုင်းမှကိုင်၍ မပြီးလျှင် လက်များကို ဆန့်တန်းလျက် ဝီခေါ်လုမတတ်၊ မူးချာပတ်ချာလှည့်၍ ပေးလေလျှင် မျက်လှည့်ဆရာကြီး၏ ခြေထောက်တို့မှာလည်း အလွန်တရာ မွတ်လှသည်ဖြစ်သောကြောင့် အရုပ်ကြီး၏ လက်မောင်းများနှင့် တစ်တန်းတည်းရှိနေသည်တိုင်အောင် ချာလပတ်လည်လေရကား၊ ပရိသတ်တို့သည် လက်ခုပ်လက်ဝါးတီးကာ ခြေဆောင့်ကာနှင့် ဆူညံစွာ သြဘာပေးကြလေ၏။ သူငယ်ချင်းနှစ်ယောက်တို့မှာမူ စက်ကိရိယာတစ်စုံတစ်ခုချို့ယွင်း၍ အရုပ်ကြီး၏ လက်မှ လွတ်သွားခဲ့လျှင် ဆရာကြီးမှာ မရှုမလှ လွင့်စဉ်၍ သွားမည့်အရေးကို မျှော်တွေးပူပန်လျက်ရှိကြလေ၏။

ယင်းကဲ့သို့ အပတ်ပေါင်းများစွာ လှည့်လည်ပြီးနောက် အတီးအမှုတ်တို့သည် တဖြည်းဖြည်း နှေး၍နှေး၍ သွားကြရာမှ နောက်ဆုံး၌ ရပ်စဲလိုက်ကြလေလျှင် အရုပ်ကြီးသည်လည်း လှည့်လည်ခြင်းကို ရပ်စဲ၍ ဆရာကြီးကို ကြမ်းပေါ်သို့ချ၍ ပရိသတ်ဘက်သို့ လက်တွဲကာ လှည့်ပြီးနောက် ဦးခေါင်းညွှတ်ကာ ဗိုလ်များဝလေ့ထုံးစံအတိုင်း အရိုအသေပေးကြလေလျှင် ပရိသတ်အပေါင်းတို့သည်လည်း နားကွဲမတတ် ဆူညံအောင်သြဘာပေးကြပြီးနောက် ပွဲပြီးပြီဖြစ်၍ အပြင်သို့တိုးဝှေ့ကာ ထွက်သွားကြလေ၏။

mgyoe.com

သူငယ်ချင်းနှစ်ယောက်တို့လည်း လူစုနှင့်အတူ ရောနှောလျက်အပြင်သို့ ထွက်လာကြရာ အံ့သြအားကြီးသူတို့ ဖြစ်တတ်သော ထုံးစံအတိုင်း မောဟိုက်ခြင်း၊ မူးဝေခြင်း၊ တုန်ယင်ခြင်း၊ ရေဆာမွတ်ခြင်းစသည်တို့ ဖြစ်ပေါ်လာသည်နှင့် ဖြစ်အနည်းငယ်ကို သောက်စားရန် ဟိုတယ်တစ်ခုသို့ဝင်ရောက်၍ ဖြစ်အနည်းငယ်နှင့် စားစရာများကို မှာယူစားသောက်ကြလေ၏။ ၄င်းဟိုတယ်မှာ အလွန်လူစည်ကားသည်ဖြစ်၍ တစ်ခုသော ချောင်၌သာလျှင် နေရာလပ်ရှိသည်ဖြစ်၍ ၄င်းနေရာလပ်၌ ထိုင်ကာစားသောက်ကြရင်း။

(ညွှန့်) ''အံ့လို့မဆုံးနိုင်အောင်ရှိတဲ့ မျက်လှည့်ပွဲပါပဲ။ မောင်သန်းတင်ရယ်၊ ပြောလို့မှ ယုံနိုင်စရာမရှိပါပေဘူး။ စက်အတတ်မှာတော့ တစ်ဖက်ကမ်းခပ် တတ်မြောက်တဲ့ လူစုတွေပါပဲ။ ငါဖြင့်မြင်ဖူးဖို့ ဝေးလို့ ကြားပဲ မကြားဖူးပါဘူး ငါ့လူရယ်''

(တင်) ''ဘယ်က စက်အတတ်ရမှာလဲ မောင်သန်းညွှန့်ရဲ့ ပွဲထဲမှာ တုန်းက ငါ့နောက်မှ ပြောမယ်လို့ မင့်ကို ပြောထားတယ် မဟုတ်လား၊ သူ့ဥစ္စာအတတ်တော့ အတတ်ပဲကွယ့်။ နို့ပေမဲ့ စက်အတတ်တော့ မဟုတ်ဘူးကွယ့်''

(ညွှန့်) ''ဘယ့်နှယ်စက်အတတ် မဟုတ်ရမှာလဲကွယ်။ အရုပ်ထဲက စက်တွေ၊ ငါတို့မြင်ခဲ့ရတယ် မဟုတ်လား''

(တင်) (ဦးခေါင်းကိုယမ်းလျက်) ''ဒါက ညာလုံးပါကွယ်။ ငါက သေသေချာချာ ကြည့်မယ်လုပ်တော့ အရုပ်ကို ပိတ်ပစ်လိုက်တယ် မဟုတ်လား။ ပိတ်လိုက်ပေမဲ့ ညာလုံးပဲဆိုတာတော့ ငါ ရိပ်မိလိုက်တယ်။ ငါပြောမယ်ကွယ့်။ အရုပ်ထဲမှာ တီးဝိုင်းတွေ၊ နန်းကြိုးတွေ၊ သံပတ်တွေ၊ လေပြွန်တွေ မြင်လိုက်ရတယ် မဟုတ်လား။ သည်ဟာတွေ အလကား ညာလုံးတွေကွယ့်။ စက်အကြောင်း နည်းနည်းကလေး နားလည်တဲ့လူဖြစ်ရင် ခဏကလေးကြည့်လိုက်ရုံနဲ့ ဒီဟာတွေဟာ ဘယ်သွားလို့ ဘယ်မှ ရောက်အောင် တပ်ထားတာ မဟုတ်ဘူး။ အလကား ညာလုံး၊ ဆင်လုံးတွေပဲဆိုတာ သိနိုင်လောက်တယ်။ စက်အကြောင်း နားမလည်တဲ့ လူပြိန်း၊ လူအ ကိုသာ နှပ်လို့ရတာမျိုးကွယ်။ ဘယ်လို အတတ်နဲ့များ လှုပ်ရှားအောင် သီချင်းဆိုအောင် လုပ်ထားတယ်တော့ ငါမပြောတတ်သေးဘူး။ သို့သော် မုချစက်

mgyoe.com

mgyoe.com


အတတ်နဲ့ လုပ်ထားတော့ မဟုတ်ဘူး။ ကြမ်းက အပေါက်လည်းမရှိ၊ ကြိုးနဲ့ ဆွဲတယ်ဆိုရအောင်လည်း ကြိုးကိုလည်း ငါတို့မမြင်ရ တယ်ပြီး တတ်လည်း တတ်နိုင်တဲ့ လူတွေပါပဲကွယ်''

၄င်းစကားများကို ကြားရလေလျှင် မောင်သန်းညွန့်မှာ ယခင်က စက်ဖြင့် လှုပ်ရှားသွားလာသည်ဟု ထင်မှတ်ရာမှ စက်အတတ်ကြောင့် မဟုတ်ကြောင်း ကြားသိရပြန်လေလျှင် သာ၍ပင်အံ့သြပြန်၍ တွေဝေစဉ်းစားလျက်ရှိနေခိုက်တွင် မိန်းမတစ်ယောက်နှင့် ယောကျ်ားတစ်ယောက်သည် မောင်သန်းညွန့်တို့ စားပွဲအနီး လူများထသွားသဖြင့် လစ်လပ်နေသော စားပွဲတစ်ခုသို့လာရောက်၍ ထိုင်ပြီးလျှင် စားသောက်ရန်များကို မှာထားလေ၏။ ထိုသူနှစ်ယောက်အနက် တစ်ယောက်သော သူသည် မျက်လှည့်ဆရာကြီး ဖြစ်ကြောင်းကို သူငယ်ချင်းနှစ်ယောက်တို့ တွေ့မြင်ရသောအခါ မိမိတို့ ပြောမည့်စကားကို ရပ်ဆိုင်းပြီးလျှင် ထိုသူနှစ်ယောက်ကို အကဲခတ်လျက် ရှိကြလေ၏။

မိန်းမဖြစ်သူမှာ ဟောင်းနွမ်းသော အဝတ်စုတ်တို့ကို ဝတ်ဆင်လျက် ပိန်ကြုံလှီကင်းသော အလုံးအရပ်ရှိလျက် အထူးသဖြင့် ဖျော့တော့ခြောက်ခန်းသော အသားအရေတို့ရှိရာ အသက်မှာ ၄ဝ ကျော်အရွယ်ခန့်ရှိလေ၏။ မျက်လှည့်ဆရာကြီးလည်း ဘွိုင်ကုလားယူလာသော စားဖွယ်တို့ကို မိမိတစ်ယောက်တည်း လောဘတကြီးစားသောက်လျက်ရှိရာ ထိုမိန်းမမှာမူ အနီး၌ လက်ပိုက်ကာထိုင်လျက် မလှုပ်မရှားဘဲ မျက်လှည့်ဆရာကြီးကိုစိုက်၍ ကြည့်နေလေ၏။ မျက်လှည့်ဆရာကြီးသည် တစ်ယောက်တည်း ပလုတ်ပလောင်း စားသောက်နေရာမှ တစ်ချက်တစ်ချက် အလိုမကျသော မျက်နှာထားနှင့် မိန်းမကြီးဘက်သို့ လှည့်၍ ဂျာမန်ဘာသာဖြင့် တစ်ခွန်းတလေ ကြိမ်းမောင်းလေရာ မောင်သန်းညွန့်တို့မှာ မျက်နှာထားကိုမြင်သဖြင့် ကြိမ်းမောင်းနေကြောင်းကို သိရှိသော်လည်း အဓိပ္ပာယ်ကိုမူ ဂျာမန်စကားမတတ်သဖြင့် မသိရှိရချေ။ ထိုသို့ရှိနေကြစဉ် သူငယ်ချင်းနှစ်ယောက်တို့သည်လည်း မိန်းမကြီး၏ အမူအရာကို အကဲခတ်လျက်ရှိနေကြရာ မိန်းမကြီးသည် မျက်လှည့်ဆရာကြီးကို လိုက်၍ကြည့်ရင်း… ကြည့်ရင်း အလွန်တရာ မုန်းထားခြင်း၊ စက်ဆုပ်ခြင်း၊ အငြိုးကြီးခြင်း၊ အကျိတ်အခဲမကျေနိုင်အောင်

mgyoe.com